www.burmeseclassic.com

နိုမိုးစာပေ

BURMESE CLASSIC

လုံးချင်းဝတ္ထုသစ်

# ရွှေဝိုင်မှုံးအိမ်

## ကြားညှပ်သူ

Design L ဏင်း

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| အုပ်အမှီ | - L လင်း |
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဒေါ်ရွှေ (မြ - ၀၂၀၇၉) သုခပုံနှိပ်တိုက် အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊ ဗိုလ်တထောင်။ |
| အတွင်းဖလင် | - ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - ၂၀၁၄ ခုနှစ်၊ မတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၆၀၀ ကျပ် |

ပြည်ထောင်မှုအိမ်

ကြားညှပ်သူ / ပြည်ထောင်မှုအိမ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၄
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ကြားညှပ်သူ



မနေ့က ကျင်းပခဲ့တဲ့ 'သံယောဇဉ်' လွှတ်တော်မှာ ချစ်သူ တင်သွင်းလာခဲ့တဲ့ 'အမုန်း' အဆိုကို နှလုံးသားကရော ဦးနှောက်ကပါ ထောက်ခံမဲ မပေးဘဲ ပယ်ချခဲ့တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



“မောင်လေး”

“ဗျာ”

BURMESE CLASSIC

မိသားစုအားလုံး စုံလင်နေသော ထမင်းဝိုင်းမှာ မတိုးက သူ့ကို ခေါ်သည်။ မနက်စောစောစီးစီး မေတ္တာသုတ်ရွတ်တော့မည်ကို သူ ခံစားသိရှိလိုက်သည်။

“အခု… မမက ဒီလို ဆံပင်တိုတိုလေး ညှပ်လိုက်တော့ လေးဆယ်ကျော်အပျိုကြီးပုံ ပေါက်သေးရဲ့လား”

ဆိုင်းမဆင့် ဗုံမဆင့်ကြီးမေးလာသော မတိုး၏စကားကြောင့် တူမဖြစ်သူ သွန်းနှင့်သူ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြသည်။

“မမက ဆံပင်တိုတိုလေးညှပ်လိုက်တော့ အသက်လေးဆယ်ကျော် အပျိုကြီးနဲ့တော့ မတူတော့ဘူး။ အသက်လေးဆယ်ကျော် လူပျိုကြီးပုံ ပေါက်သွားတယ်ဗျ… အဟိ”

“သေနာလေး”





ပြောင်ချော်ချော်ဆိုသော သူ့စကားအဆုံးမှာ မတိုးက ‘သေနာလေး’ဟု ရွတ်သည်။ တူမဖြစ်သူကတော့ တခစ်ခစ်ရယ်သည်။

“အေး ဘာပဲဖြစ်ဖြစ် မမပြောချင်တာက ဘယ်လောက်ပဲ ခိုးဖိဖုံးဖိ၊ ဘယ်လောက်ပဲ ပြင်ဆင်ပြင်ဆင်၊ ဘယ်လောက်ပဲ သိမ်းခြယ်လိမ်းခြယ် ဇရာဆိုတာကို လိမ်လို့မရဘူးဆိုတာကို ပြောချင်တာ။ မနေ့က မမနဲ့ ပက်ပင်းတိုးတဲ့ မောင်လေးရဲ့ရည်းစားက တော်တော်ကြီး ပြင်ဆင်ထားပေမယ့် အသက်တော်တော်ကြီးနေပြီဆိုတာ မမ သိတယ်၊ ပြောစမ်းပါဦး မင်းထက် ဘယ်လောက် အသက်ကြီးလဲ”

မတိုးက စကားကို အရှည်ကြီးဆိုရင်း နောက်ဆုံးမှာ ရည်းစားဖြစ်သူ၏ အသက်ကို မေးသည်။ တူမဖြစ်သူကပါ ပြုံးစိစိဖြင့် သူ့အဖြေကို စောင့်ကာနေသည်။

“ကျွန်တော့်ထက် ဆယ်နှစ်ကြီးတယ်”

“ဟင်… ဦးဦးက နှစ်ဆယ့်ခြောက်နှစ်ဆိုတော့ ဦးဦးရဲ့ ရည်းစားက သုံးဆယ့်ခြောက်နှစ်ပေါ့”

တူမဖြစ်သူက မျက်နှာကြီးရှုံ့မဲ့ရင်း ဆိုသည်။

“မောင်လေး”

“ဗျာ”

“မင်းရဲ့ရည်းစားကို ကြည့်ရတာ သုံးဆယ့်ခြောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အမှန်အတိုင်း ပြောစမ်းပါ။ လေးဆယ့်ငါးလောက်ရှိပြီ မဟုတ်လား"

"အာ··· မတိုးကလည်း အဲဒါတော့ နည်းနည်းများသွားပြီ။ အမှန်အတိုင်း ပြောမယ်ဗျာ။ သူက အသက်လေးဆယ်ပြည့်ဖို့ ငါးလလောက်ပဲ လိုတော့တယ်"

"ဖြတ်လိုက်တော့၊ လုံးဝသဘောမတူဘူး"

ခေါင်းကုတ်ရင်းဆိုသော သူ့စကားအဆုံးမှာ မတိုးက 'ဖြတ်လိုက်တော့' ဟု ပြတ်ပြတ်သားသားဆိုသည်။

BURMESE CLASSIC

"ဟုတ်တယ် ဦးဦး၊ ကိုယ့်ထက် ဆယ့်လေးနှစ်ကြီးများတောင်ကြီးတဲ့ မိန်းမတစ်ယောက်ကို ရည်းစားထားတာတော့ မမိုက်ဘူး"

မတိုး၏အဆိုကို တူမဖြစ်သူက ထောက်ခံသည်။

"မင်းနှယ်ကွယ်··· မိန်းမတွေ ဒီလောက်ပေါများတဲ့ ခေတ်ကြီးမှာ ဒီလို အိုကြီးအိုမကို ဘယ်ကနေ ဘယ်လိုတွေ့ပြီး ရှာရှာဖွေဖွေ ကြိုက်ရပြန်တာတုံး။ မနေ့ကတည်းက သူ့ရှေ့မှာ ပြောလို့မကောင်းလို့ ပါးစပ်ကို မနည်းကြီး ဘရိတ်အုပ်ထားရတာ"

"အန်တီတို့က ဘယ်မှာတွေ့ကြတာတုံး"

တူမဖြစ်သူက မျက်နှာကြီးကို ရှုံ့မဲ့ရင်းမေးသည်။

"ဒီလို သွန်းရေ မနေ့က ················"



---

ဈေးဝယ်ရင်း ဗိုက်ဆာလာသည်မို့ မတိုးတစ်ယောက် Shopping Center ၏ မြေညီထပ်မှာရှိသော စားသောက်ဆိုင်များဆီ လျှောက်ခဲ့ဖြစ်သည်။ လွတ်နေသောစားပွဲမှာထိုင်ရင်း စားစရာမှာတုန်းဆိုင်းမှ ကြားဖူးသလိုလိုရှိသော အသံကြောင့် သူမ လှည့်ကြည့်ဖြစ်သည်။

သို့သော် ကြားမှသစ်သားဖြင့် ကာရံထားသည်မို့ လူကို မမြင်ရ။ သူမ နားကို စွင့်ထားဖြစ်သည်။

"မောင်လေးကလဲကွာ··· မ ဈေးဝယ်တာကို လိုက်ကူပါဦး"

"မဟုတ်ဘူး မရဲ့၊ မောင်လေး တကယ်မအားလို့ပါ"

"မရဘူး မရဘူး၊ ဈေးဝယ်တာ လိုက်ကူပြီးမှပြန်"

"အစည်းအဝေးရှိလို့ပါ မရယ်၊ မောင်လေးလည်း ဘယ်ပြန်ချင်ပါ့မလဲ"

ထိုင်ပြီး နားစွင့်နေရာမှ မတိုး မတ်တတ်ထရပ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အိမ်တာ မောင်လေး** 'မင်းသူရဇော်'၏ အသံဖြစ်နေသည်ကိုး။

**တစ်ဖက်ဝိုင်း**ကို ကူးသွားလိုက်သောအခါ သူမကိုမြင်တော့ မောင်လေးက လူချင်းပူးကပ်စွာ ထိုင်နေရာမှ ခပ်ခွာခွာ ပြုသည်။

"မ… မတိုး"

ပြီးတော့မှ အထစ်ထစ်အငေါ့ငေါ့ဖြင့် နှုတ်ဆက်သည်။ မောင်လေး၏ဘေးမှာတော့ အသက်ခပ်ကြီးကြီး မိန်းမတစ်ယောက်ကို လိုအပ်သည်ထက် ပိုမိုခြယ်မှုန်းထားသော ဆေးဆိုးပန်းရိုက်မျက်နှာကြီးဖြင့် တွေ့ရသည်။

"အန်တီ… စားပါဦးကွယ်"

"ဘယ်လို… ဘယ်လို… ဘယ်လို"

"အန်တီ့ကိုစားပါဦးလို့ သမီးကခေါ်တာလေ…"

သူမထက် အလွန်ဆုံး တစ်နှစ်၊ နှစ်နှစ်ထက် ပိုမငယ်နိုင်သော မောင်လေး၏ဘေးမှ ဆေးဆိုးပန်းရိုက်မကြီးက သူမကို 'အန်တီ'ဟု ခေါ်လိုက်သောအခါ မတိုးတစ်ယောက် 'ဘယ်လို ဘယ်လို'ဟု စကားများ ထစ်သွားသည်အထိ ဒေါကန်သွားရသည်။ ဒေါကန်ဆို သူ့ကိုယ်သူကျတော့ 'သမီး'ဟု ဆိုနေပြန်သည်ကိုး။

"ဪ အေး… မစားတော့ပါဘူး သမီးရယ်။ အန်တီ သွားလိုက်ဦးမယ်။ မောင်လေး… အိမ်ရောက်မှ တွေ့မယ်နော်"

တမင်ရွဲ့ကာဆိုရင်း ချာခနဲ လှည့်ထွက်ခဲ့သောသူမကို မောင်





လေးက 'မတိုး'ဟု လိုက်ခေါ်သည်ကို မကြားချင်ယောင် ဆောင်ကာနေလိုက်ရင်း စားပွဲထိုးကို မစားရသေးသော လုံးလုံးပင် မတို့မထိရသေးသော သူမထိုင်ခဲ့သည့် စားပွဲပေါ်မှ ကြေးအိုးဖိုးကို ရှင်းပေးဖြစ်သည်။

"မတိုး"

အထပ်ထပ်အခါခါ ခေါ်နေသော မောင်လေးကို လှည့်ပင်မကြည့်ဘဲ သူမ ဆိုင်ထဲကနေ ထွက်ခဲ့ဖြစ်သည်။

ဒေါသတွေကတော့ ရင်ထဲမှာအပြည့်။



www.burmeseclassic.com

www.burmeseclassic.com



မတိုးက စကားကို ဒေါသသံဖြင့် အဆုံးသတ်သည်။

"အဲဒါတော့ သူလွန်တာပေါ့။ သူက လေးဆယ်ပဲထား၊ တီတီက အခုမှ လေးဆယ့်လေး… လေးနှစ်ပဲကွာတဲ့ တီတီကို အန်တီခေါ်တာကတော့ လုံးဝ လုံးဝ သည်းမခံနိုင်ဘူး"

မီးလောင်ရာလေပင့်ဆိုသလို ဒေါနှင့်မောနှင့်ဆိုသော တူမဖြစ်သူ 'သွန်း'၏ စကားအဆုံးမှာ ,မတိုးက 'တီတီဒေါကန်တာလည်း အဲဒါပဲ'ဟု ဖြည့်စွက်ကာဆိုသည်။ ပြီးတော့ နှစ်ယောက်စလုံးက သူ့ကို တရားခံတစ်ဦးလို ဝိုင်း၍ကြည့်ကြသည်။ သူ့ခေါင်းကိုသာ ကုတ်ဖြစ်သည်။

"မမြင်ဖူးသေးပဲနဲ့တောင် မုန်းလိုက်တာ။ ကြည့်ရတာ တော်တော်လေးကို နချင်နေတဲ့ အဒေါ်ကြီးပဲဖြစ်မယ်"

"ကလေးက ကလေးနေရာနေစမ်း"

သွန်းကို သူခပ်ငေါက်ငေါက်ဆိုဖြစ်သည်။



"ဘာကလေးလဲ… ဦးဦးနဲ့ သွန်းနဲ့က… ငါးနှစ်ပဲ **ကွာတာ** နော်။ ဝါအရသာ… ဦးလေးဖြစ်နေလို့။ ဦးဦးက နှစ်ဆယ့်ခြောက် သွန်းက နှစ်ဆယ့်တစ်ကဲ… ဘယ်မှာကွာနေလို့လဲ"

တူမဖြစ်နေသူက ကက်ကက်လန်နေအောင် ပြန်၍ဆိုသည်။ အစ်မအကြီးဆုံး 'မဖြိုး'ကမွေးထားသည်မို့ သွန်းက သူနှင့် အသက်ချင်း သိပ်မကွာလှ။ 'မဖြိုး'နှင့် မတိုးက နှစ်နှစ်သာကွာပြီး သူနှင့် မတိုးနှင့်ကျတော့ ဆယ့်ရှစ်နှစ်ကြီးများတောင် ကွာသည်။ စောစောစီးစီး အိမ်ထောင်ကျသော 'မဖြိုး'နှင့် သူက အသက်နှစ်ဆယ်ကွာသည်။ မဖြိုးတို့လင်မယားက စင်ကာပူမှာနေကြသည်မို့ သွန်းက အပျိုကြီးဖြစ်သော 'မတိုး'နှင့် သူ၏လက်ထဲမှာ အနေများသည်။ ဖေဖေနဲ့မေမေကလည်း စင်ကာပူမှာရှိသော မဖြိုးတို့နှင့် ပို အနေများသည်။

"ပြောထားပြီးသားနော်။ မောင်လေး… အဲဒီမိန်းမနဲ့ မောင်လေးကို ဘယ်လိုနည်းနဲ့မှ သဘောမတူဘူး။ အမြန်ဆုံး ဖြတ်ပါ ဒါပဲ"

"အပြည့်အဝ ထောက်ခံပါတယ်"

ပြတ်ပြတ်သားသားဆိုသော 'မတိုး'၏ စကားအဆုံးမှာ 'သွန်း'က လက်သီးလက်မောင်းဆန့်ရင်း ထောက်ခံစကားဆိုသည်။

"မမတို့ တူအရီးနှစ်ယောက် အဲဒီလိုတော့ မတရားမပြော



www.burmeseclassic.com

www.burmeseclassic.com



နဲ့လေဗျာ။ လွယ်လွယ်နဲ့ဖြတ်ရအောင် ကျွန်တော်တို့ချစ်သူသက်တမ်းက နည်းတော့တာ မဟုတ်ဘူး''

''ပြောစမ်းပါဦး ဘယ်လောက်ကြာပြီလဲ''

မတိုးက… ခပ်ရိရိ မေးသည်။

''နှစ်လ''

သူ၏စကားအဆုံးမှာ သွန်းရော မတိုးပါ ခီးခနဲ ရယ်ကြသည်။ သူပါ ရှက်အမ်းအမ်းဖြင့် ရယ်ဖြစ်သည်။

''ဟုတ်တာပေါ့ ဟီဟီရယ်၊ နှစ်လဆိုတဲ့အချိန်က သံယောဇဉ်ကြိုးတွေ အထပ်ထပ် ရစ်ပတ်ပြီးသား ဖြစ်နေဖို့လုံလောက်တယ်လေ…''

သွန်းက အရယ်တစ်ဝက်ဖြင့် ဆိုသည်။ လေသံကတော့ ခပ်ရိရိ နေတော့တာပဲ။

''ရည်းစား ဘယ်နှယောက်ထားထား မတိုးတို့က အမြဲ ဖျက်နေတော့တာပဲ။ ဇီဇာကိုကြောင်တယ်၊ အဲဒါကြောင့် မတိုး အပျိုကြီးဖြစ်တာ။ သွန်း… နင်လည်း ငါ့ရည်းစားတွေကို အကြောင်း အမျိုးမျိုးပြပြီး လိုက်လိုက်ဖျက်သိလား။ နင်လည်း နင့်အဒေါ်လို အပျိုကြီးဖြစ်မှာပဲ''

သူဒေါကန်ကန်ဖြင့်ဆိုရင်း ထထွက်လာဖြစ်သည်။

''ဖြစ်လည်း အေးတာပဲ၊ ဒါပေမယ့် သွန်းတို့က ကိုယ့်ထက် အသက်ဆယ့်လေးနှစ်ကြီးတဲ့ လူနဲ့တော့ ရည်းစားမထားဘူး''

သွန်းက နောက်ကနေ လိုက်၍အော်သည်။

''ဟဲ့အကောင်၊ ငါအပျိုကြီးဖြစ်နေတာက ယောကျ်ားမရလို့ ဖြစ်တာ မဟုတ်ဘူး။ ယောကျ်ားတွေကို မယုံလို့ဖြစ်နေတာ နားလည်လား သေနာလေး''

သွန်း၏စကားအဆုံးမှာ မတိုးကပါ လိုက်၍ဆိုသည်။

''အဲဒါ… အပျိုကြီး၊ လူပျိုကြီးတွေရဲ့ လက်သုံးစကားပါ မတိုးရာ။ ကျွန်တော်လည်း အချိန်တန်လို့ မိန်းမ မရဘဲ လူပျိုကြီး ဖြစ်ကြည့်ပါလား 'မိန်းမကို မရတာမဟုတ်ဘူး မယူတာကွလို့ပဲ' သေချာပေါက်ပြောမှာပါ''

သူ၏ရယ်သဲ့သဲ့ အဆိုကြောင့် မတိုးက… သူ့ကို ဒိုင်းခနဲ ကျောင်းထိုးသည်။ ဘာရယ်မဟုတ် 'သူ'ရယ်ဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးနော် လမ်းသွားရင်းနဲ့ ကောင်မလေးတွေကို လိုက်လိုက်ကြည့်နေတာ 'မ'မကြိုက်ဘူး။ ဘာမှန်းလည်း မသိဘူး။ ကောင်မလေးတွေကလည်း ရည်းစားတစ်ယောက်လုံး ဘေးမှာပါတာတောင် ကဲပြ၊ သဲပြနေကြတယ်"

လမ်းကူးရင်း 'မ'က ရေရွတ်သည်။ သူ ဘာမှပြန်မပြောဘဲ ရယ်သဲ့သဲ့သာ နေဖြစ်သည်။

"ပြန်ပြောဦးလေ… နောက်ကို မကြည့်တော့ပါဘူးလို့"

"ဟုတ်ကဲ့ နောက်ဆိုရင် မလစ်ရင် မကြည့်တော့ပါဘူးခင်ဗျား"

"မကြည့်ပါဘူးဆိုတာက လစ်ရင်ကြည့်မယ်ပေါ့၊ လူကိုလာနောက်နေတယ် ပြောဦး… အဲဒီမှာပြောဦး…"

လမ်းကိုကူးပြီး တစ်ဘက်က ပလက်ဖောင်းပေါ် ရောက်ချိန်မှာ သူမက သူ့လက်မောင်းကို ဆွဲကာ ဆိတ်သည်။





"အား… နာတယ်ဗျ"

"မောင်လေးက လက်မောင်းလေးပဲ နာတာပါ။ 'မ'ကတော့ ရင်ထဲကပါနာတာ သိလား။ နောက်ဆို ပြောင်ချော်ချော်မလုပ်နဲ့"

မျက်စောင်းကြီးထိုးရင်း သူမက ဆိုသည်။

"ဦးဦး"

ရုတ်တရက်ကြီး ရှေ့မှာပိတ်ရပ်ကာ နှုတ်ဆက်လာသူကို ကြည့်လိုက်တော့ တူမဖြစ်သူ 'သွန်း' ဖြစ်ကာနေသည်။ သွန်းဘေးမှာ သွန်းနှင့်ရွယ်တူ သူငယ်ချင်း နှစ်ယောက်လည်း ပါသည်။

"လက်စသတ်တော့ ဦးဦးဖြစ်နေတာကို အဝေးကနေမြင်တာ ကလေ… ကုန်စုံဆိုင်ပိုင်ရှင်ဒေါ်ရီးတစ်ယောက်က ဆိုင်က အလုပ်သမားကို လက်မောင်းဆွဲလိမ်ပြီး ဆုံးမနေတာများလားလို့"

"သွန်း"

မရွှေသွန်းက ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို 'မ'ကို အဒေါ်ကြီးဟုပင်မဟုတ်ဘဲ ရိသဲ့သဲ့ဖြင့် အဒေါ်ရီးဟု ဆိုသည်။ ပြီးတော့ အသက်မပါသော ရယ်နည်းဖြင့် တဟက်ဟက် ရယ်ကာနေသည်။ 'သွန်း'ဟု သူ လှမ်းမာန်လိုက်သော်လည်း သူမက မကြားချင်ယောင်ပြုသည်။

"မောင်လေး သူက ဘယ်သူလဲဟင်"

'မ'က မျက်စိပျက် မျက်နှာပျက်ဖြင့် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ… ဟုတ်သားပဲ။ စကားကောင်းနေတာနဲ့ သမီးက တိုယ့်ကိုယ့်ကို မိတ်ဆက်ဖို့မေ့နေတာ ဒေါ်ရီးရဲ့။ သမီးက ဦးဦးရဲ့ တစ်ဦးတည်းသောတူမ 'သွန်း'ပါရှင့်"

သွန်းက သိသိသာသာ အိုဇာဖြစ်နေသော ပုံစံဖြင့် ဆိုသည်။

"လမ်းမှာ မိုးတိုးမတ်တတ်နဲ့ မကောင်းပါဘူး။ တစ်ခုခု သွားစားမလို့လေ။ လိုက်ခဲ့ပါလား သွန်း"

'မ'က ပျက်ယွင်းနေသော မျက်နှာကိုပြန်တည်ရင်း သွန်းကို ခေါ်သည်မို့ သူ သွန်းကို မသိမသာ ခေါင်းခါပြဖြစ်သည်။

"သူက သွားစရာရှိတယ် 'မ'ရဲ့။ ကဲကဲ သွားသွား သွန်း"

ပါးစပ်ကလည်းပြောရင်း လက်ကလည်း 'သွန်း'ကို မသိမသာ တွန်းဖြစ်သည်။ သဘောက သွားတော့ဆိုသည့်သဘော။

"အာ… ဦးဦးကလည်း၊ သွန်းလည်း တစ်ခုခုသွားစားမလို့ လုပ်နေတာ၊ ဒီက ဒေါ်ရီးခေါ်နေတာနဲ့အတော်ပဲ။ လိုက်ခဲ့ဦးမှာ"

တစ်လုံးချင်းစီ လိုက်… ခဲ့… ဦး…မှာဟု သွန်းက ဆိုသည်။ ပြီးတော့ သူမ၏ သူငယ်ချင်း နှစ် ယောက်ဘက်လှည့်ကာ-

"ကဲ နင်တို့ သွားနှင့်နော်၊ ငါ နောက်ကလိုက်ခဲ့မယ်"

ဟု ခပ်ပြုံးပြုံးဆိုသည်။ ဘာရယ်မဟုတ် သူ့ခေါင်းကို ကုတ်ဖြစ်သည်။

"ဒေါ်ရီးတို့ ဘယ်ဆိုင်သွားမှာလဲဟင်"





"ဒေါ်ရီးတို့ကလား… အဲလေ ယောင်လို့ မမတို့က ဒီနား လေးကဆိုင်ကိုသွားမှာ သွန်းရဲ့… လာလေ"

'မ'ကယောင်ပြီး 'ဒေါ်ရီးတို့ကလား'ဟုဆိုပြီးကာမှ စကားကို ပြန်ပြင်ကာ ဆိုသည်။ ယင်းနောက် 'လာလေ'ဟု သွန်းကို ခေါ်သည်။ သူကတော့ ကြားနှစ်ကြားမှာ ညှပ်နေသူမို့ ခေါင်းကိုသာ ခပ်ကြမ်းကြမ်း ကုတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ရီး ဘာစားမလဲ"

ဆိုင်မှာထိုင်ထိုင်ပြီးချင်း 'သွန်း'က ဆိုသည်။ 'မ'ကတော့ ပျက်ယွင်းနေသော မျက်နှာကို ကြိုးစားကာ ထိန်းနေသည်။

"သွန်းကလဲကွာ ဒေါ်ရီး ဒေါ်ရီးနဲ့ မခေါ်စမ်းပါနဲ့ ကြားရတာ အဆင်မပြေဘူး"

သူ သွန်းကို မျက်မှန်ကုပ်ပြရင်း ဆိုဖြစ်သည်။

"ဘာလဲ ဒေါ်ရီးလို့ခေါ်တာ အဆင်မပြေဘူးလား။ ကိုးဒေါ် ခေါ်ပေးရမလား။ ကိုးဒေါ်ဆိုလည်း ခေါ်လို့တော့ ကောင်းသား"

သွန်းက သူ့အကြည့်ကို မသိကျိုးပြုကာ ဆိုသည်။ တမင်ဖွဲ မှန်းသိသော်လည်း 'မ'က ပြုံးလို့သာ နေသည်။

"သွန်းကိုကြည့်ရတာ... သွန်းက... သမီးရဲ့ ဦးလေး မမကို သဘောတူပုံမရဘူး ဟုတ်လား"





တဲ့ကြီးဆိုလိုက်သော မ၏စကားကြောင့် သူ ရုတ်တရက် ဘာဝင်ပြောလိုက်ရမှန်းမသိ ဖြစ်ကာသွားသည်။ သို့သော် သွန်းကတော့-

"မှန်လိုက်တာ ဒေါ်ရီးရယ်၊ လုံးဝသဘောမတူဘူး"

ဟု ခပ်သွက်သွက်ပင် ဆိုသည်။ ကြားနှစ်ကြားတော့ ညှပ်ပြီဟု သူ တွေးမိသည်။ သွန်းကတော့ ပက်ခနဲပြောပြီး သူ မဟုတ်သလို လုပ်ကာနေသည်။

"ဘယ်သူ သဘောတူတူ မတူတူ သွန်းရဲ့ဦးလေးနဲ့ မမနဲ့က အရမ်းချစ်ကြတဲ့ ချစ်သူတွေလေ"

"ဘယ်လောက်ပဲ ချစ်ကြ ချစ်ကြ မညားကြတဲ့ချစ်သူတွေမှ တစ်ပုံကြီးပဲ ဒေါ်ရီးရဲ့"

မနှင့်သွန်း တစ်ယောက်ကိုတစ်ယောက် ဒုံကြီးတွေ ဖွဲ့နေကြပြီမို့ ကြားထဲကနေ သူ ချွေးပျံလာသည်။

"ဒါပေမယ့် ညားသွားကြတဲ့ချစ်သူတွေကလည်း အများကြီးမှ တကယ့်အများကြီးပဲလေ သွန်းရဲ့၊ မောင်လေးသာ မမရဲ့ ဘဝထဲ ရောက်လာရင် 'မ'တို့သားအမိရဲ့ မိသားစုလေးက ပြီးပြည့်စုံပြီလို့ ဆိုရမယ်"

"သားအမိ"

'မ'၏စကားအဆုံးမှာ သွန်းကော သူပါ မျက်လုံးပြူး ကြက်သေ



www.burmeseclassic.com

www.burmeseclassic.com

ဖြူးဖြင့် 'သားအမိ'ဟု ပြိုင်တူရေရွတ်မိကြသည်။

"ဟုတ်တယ်လေ ကွဲသွားတဲ့ အရင်ယောကျ်ားနဲ့ ရထားတဲ့ သားလေးကိုပြောတာလေ မောင်လေးရဲ့"

"အရင် ယောကျ်ား"

မ၏ဖြေရှင်းချက်အဆုံးမှာ သူရော သွန်းပါ 'အရင်ယောကျ်ား' ဟု ပြိုင်တူ ရေရွတ်မိကြပြန်သည်။ ပြီးတော့ သွန်းနှင့်သူ တစ်ယောက်မျက်နှာကို တစ်ယောက်ဖြူးတီဖြူးကြောင် ကြည့်ဖြစ်ကြသည်။ စောစောကထက် အများကြီး ချွေးပိုပျံလာသော သူ့မျက်နှာကို 'မ'က ဘာမှမဖြစ်သလို ကြည့်သည်။

"မမှာ ကလေးတစ်ယောက်ရှိတာ မောင်လေးက မသိဘူးလား"

"ဟင့်အင်း"

သူ ခေါင်းကို မော်တာတပ်ထားသလို ခပ်သုတ်သုတ် ဘယ်ညာ ယမ်းပြဖြစ်သည်။ ဇောချွေးဟု ခေါင်းစဉ်တပ်ရမည့် ချွေးတို့က နဖူးပေါ်ကနေ စီးကျလာသည်။ မက စားပွဲပေါ်မှ တစ်ရှူးတစ်ရွက်ကို သူ့ဆီ ကမ်းပေးသည်။

"ချွေးသုတ်လိုက်ပါဦး။ အရင်ကတည်းက သိထားတယ်ထင်နေတာ။ ဟိုဟာလေ... အခုမှသိတယ်ဆိုရင်လည်း စဉ်းစားပေါ့။ 'မ'ရဲ့ဘဝထဲ ဝင်လာခဲ့မယ်ဆိုရင်လည်း Welcome ပဲ။ လမ်းခွဲ





မယ်ဆိုရင်လည်း 'မ'က လွမ်းနေမှာ မဟုတ်ဘူး။ ကဲ... တူအရီးနှစ်ယောက် တိုင်ပင်လိုက်ကြဦးပေါ့။ 'မ'သွားပြီ... တာ့တာ"

'မ'က လက်ပြပြီး ဟန်မပျက် ထွက်သွားသော်လည်း ပါးစပ်ကြီး အဟောင်းသားနှင့် ပုံပျက်ပန်းပျက် ကျန်ရစ်ခဲ့သည်က သူတို့တူအရီးနှစ်ယောက်ပဲ ဖြစ်သည်။

"သွန်း"

"ရှင်"

"ရှေ့ အဲဒီဖုန်းထဲက 'မ'ဆိုပြီးမှတ်ထားတဲ့ ဖုန်းနံပါတ်ရယ်၊ မက်ဆေ့တွေရယ် အကုန်သာ ဖျက်ပစ်"

လက်တစ်ဖက်က ဖုန်းကို သွန်းဆီပေးရင်း ကျန်လက်တစ်ဖက်ဖြင့် စောစောက 'မ'ပေးခဲ့သော တစ်ရှူးနှင့် နဖူးမှ ချွေးတို့ကို သူ ခပ်ကြမ်းကြမ်းသုတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့ကသာ သွန်းနဲ့မတွေ့ဘူးဆိုရင် ဒီနေ့ထိ ငါကလည်း ဘုမသိဘမသိနဲ့ ဆက်တွဲဖြစ်နေဦးမှာကွ။ အဲ... သူကလည်း သူ့အကြောင်းကို သိသိကြီးနဲ့ ဆက်တွဲနေတယ်ပဲ ထင်နေမှာ"

"တကယ်ကြီး အညာခံခဲ့ရတာ"

သူ့စကားအဆုံးမှာ ယောကျ်ားစိတ်ပေါက်နေသော 'သေက်' က ဆိုသည်။ နာမည်က သက်နှင်းဖြူဖြစ်သော်လည်း သူ့ကို 'သေက်' သို့မဟုတ် 'ကိုသက်'ဟုခေါ်မှ သူမက ကြိုက်သည်။

"ကောင်မရယ် တစ်ဖက်သားကို အဲဒီလို မပြောပါနဲ့ဟယ်"

သက်၏ စကားအဆုံးမှာ မိန်းကလေးစိတ်ဝင်နေသော ဖြိုးမောင်က ခပ်နွဲ့နွဲ့ပင် ဆိုသည်။ ဒီကောင်က သူ့ကိုယ်သူ 'ဖြိုး'ဟု သုံးနှုန်းပြီး သူ့ကိုလည်း 'ဖြိုး'ဟုခေါ်မှ ကြိုက်သည်။

"ဟဲ့ကောင် ငါ့ကို ကောင်မလို့ မခေါ်နဲ့ သားကြီး"

သေက်က ဖြိုးမောင်ကို ခပ်ထန်ထန်ဆိုသည်။



"အရေးထဲမှာ နင်တို့နှစ်ယောက်ကတစ်မျိုး"

စံပယ်က သေက်နှင့် ဖြိုးမောင်ကိုဝင်၍ ဟန့်သည်။

"မြင်တာနဲ့ ကိုက်တော့တာပဲ ဒီနှစ်ကောင်က"

ဝဏ္ဏကပါ ဝင်၍ ခပ်ငေါက်ငေါက်ဆိုသည်။ ငယ်ငယ်လေးကတည်းက ပေါင်းလာသော သူငယ်ချင်းငါးယောက်မို့ တစ်ယောက်ကိုတစ်ယောက် ပြောမနာဆိုမနာတွေ ရှိကြသည်။ သူတို့တစ်သိုက်မှာ ဝဏ္ဏနှင့် စံပယ်က ဘော်ဒါချင်း ရည်းစားဖြစ်ရာမှ လက်ထပ်ထားကြသည်။ ကျန်သုံးယောက်က လူလွတ်တွေ ဖြစ်ကြသည်။ လူလွတ်သုံးယောက်တွင်မှ သေက်က ယောကျ်ားစိတ်ပေါက်ကာ ဖြိုးမောင်က ကြဲကြဲဖန်ဖန် မိန်းမစိတ်ဝင်ကာနေသည်။

"အဲဒါနဲ့ လိုရင်းက ပျောက်တော့မယ်။ မင်းရဲ့ အဲဒီအစ်မကြီးဆီက အဆက်အသွယ် လုပ်မလာဘူးလား"

ဝဏ္ဏက ကြားဖြတ်၍ မေးသည်။

သူ ခေါင်းခါပြသည်။

"မင်းရှော့ခ်ဖြစ်သွားမှာပေါ့... သားကြီး"

သေက်က 'ရှော့ခ်'ဖြစ်သွားမှာပေါ့ ဟုဆိုသည်။

"ရှော့ခ်လည်း ဖြစ်တယ်၊ ရှက်လည်း ရှက်တယ်ကွ။ သူ့ဘက်ကလည်း တမင် ဖုံးဖိထားတာ မဟုတ်ပေမယ့် ငါ့ကို သိတယ်ထင်ပြီး ဘာသိဘာသာ နေတယ်။ ငါကလည်း ထဲထဲဝင်ဝင် ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မနေ့စဉ်ဖြစ်ခဲ့ဘူး"

သူ ရှက်အမ်းအမ်းဖြင့် ဆိုဖြစ်သည်။

"မှန်မှန်ပြောနော် ကောင်မ…၊ ဘာမှတော့ လွန်လွန်ကျူးကျူး မဖြစ်ခဲ့ဘူး မဟုတ်လား အဲဒီအစ်မကြီးနဲ့"

ဖြိုးမောင်က ခပ်နွဲ့နွဲ့ဖြင့် သူ့ကို 'ကောင်မ'ဟုဆိုရင်း မချိုမချဉ်ဖြင့် မေးသည်။

"ဖြစ်စရာလားကွာ။ ရည်းစားသက်တမ်းက နှစ်လကျော်ကျော်ပဲရှိသေးတာ"

ဟု သူရှက်ဝဲဝဲဖြင့် ဆိုဖြစ်သည်။

"လက်နှေးလိုက်တာ သားကြီးရာ၊ ငါသာ မင်းနေရာမှာဆိုရင် ရည်းစားသက်တမ်း နှစ်ပတ်လေးဆို… ပွဲသိမ်း"

သေက်က အမူအယာဖြင့် ဆိုသည်။

"ဘာပွဲသိမ်းတာတုန်းဟ"

ဝဏ္ဏက ပြောင်စပ်စပ်ဖြင့် ယောကျ်ားရှာဖြစ်သော သေက်ကို မေးသည်။

သေက်က-

"အာဘွားလေး ဘာလေးပေးတာကို ပြောတာကွာ ဟီး"

ဟု ရွှတ်နောက်နောက်ဆိုသည်။

"ကောင်မ… ပြောလိုက်ရင်လေကြီးပဲ… သူ့ရည်းစားသာ





ဆိုလိုကတော့ အရင်ဆုံးလေဉ ဥမှာပဲ… သူလေနဲ့မိပြီးတော့"

ဖြိုးမောင်၏ခပ်နွဲ့နွဲ့အဆိုကြောင့် သေက် ဒေါကန်ကာ သွားသည်။

"သားကြီး… ငါ့ကို ကောင်မ… ကောင်မလို့ မခေါ်နဲ့နော်။ ငါ ဒေါသထွက်လာရင်… မင်းနာမယ်"

"အေးပါဟယ်…, အေးပါ"

လက်ညှိုးငေါက်ငေါက် ထိုးရင်းဆိုသော သေက်၏စကားကို ဖြိုးမောင်က ခပ်နွဲ့နွဲ့ပင် မျက်စောင်းထိုးရင်း ဆိုသည်။

"အရေးထဲမှာကွာ… မင်းတို့နှစ်ယောက်က တစ်မျိုး။ ယောကျ်ားစိတ်ပေါက်နေတဲ့ မိန်းမနဲ့ မိန်းမစိတ်ပေါက်နေတဲ့ ယောကျ်ား မင်းတို့နှစ်ယောက်စလုံးကို ပေးစားပစ်ဖို့ပဲ ကောင်းတယ်။ အေး… ရော"

ဝဏ္ဏက ပွစိပွစိဖြစ်နေကြသော သေက်နှင့် ဖြိုးမောင်ကို ဆိုသည်။

"အေးလေဟယ်၊ ဒီမှာ… ငါလိုကောင်ကြီးက ရည်းစားနဲ့ ဖြတ်လို့ အသည်းကွဲနေပါတယ်ဆိုနေမှ နင်တို့နှစ်ယောက်က ရန်ဖြစ်နေကြတယ်။ ကိုဝဏ္ဏပြောသလို ပေးစားပစ်မယ်နော်၊ နောက် ထပ်စကားမများနဲ့တော့ ဒါပဲ"

တစ်ချိန်လုံး ငြိမ်နေသော စံပယ်က ဝင်၍ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

"နိုးစမ်းပါကွာ… တစ်လောကလုံးမှာ ယူစရာဆိုလို့ ဒီတစ်ယောက်ပဲ ကျန်ရင်တောင် မယူဘူး။ ပျော့တိပျော့ဖတ်နဲ့ အရုံကိုနောက်တယ်"

ယောကျ်ားစိတ်ပေါက်နေသော သေက်၏စကားအဆုံးမှာ ဖြိုးမောင်က မျက်နှာကြီးရှုံ့မဲ့ကာ သွားသည်။ ပြီးမှ… သေက်ကိုဒိုင်းခနဲ မျက်စောင်းထိုးရင်း… ဆံပင်ကို ခပ်နွဲ့နွဲ့ သပ်တင်သည်။

"အမယ်လေး အမယ်လေး… ဒီကလည်း သေက်လိုလူမျိုးကိုဖုတ်တဲ့ငါးပိ ရှိတယ်လို့တောင် မထင်ဘူးဟေ့။ ရှင်းရှင်းပဲ"

ဖြိုးမောင်က ဘယ်လက်ဖဝါးပေါ် ညာဘက်လက်နဲ့ တစ်ဖတ်ဖတ်ရိုက်ရင်း ပြန်ရန်တွေ့သည်။ ဘာရယ်မဟုတ် အာရုံနောက်နေရသည့်အထဲ ပိုအာရုံနောက်လာသည်မို့ သူ ထရပ်ဖြစ်သည်။

"ကဲ… ဆက်ရန်ဖြစ်ခဲ့ကြတော့ကွာ ငါတော့ဒိုးပြီ"

"အေးအေး ဟုတ်ပြီကွာ။ နောက်မှ ဖုန်းဆက်မယ်"

ဝဏ္ဏက ခေါင်းညိတ်ရင်း ဆိုသည်။

"နင်တို့နှစ်ယောက်ကလေ တကယ် ပေးစားပစ်ဦးမယ်။ နည်းနည်းလေးမှကို အလိုက်ကမ်းဆိုး မသိဘူး"

သေက်နှင့်ဖြိုးမောင်ကို စံပယ်က ပွစိပွစိရွတ်ရင်း ကျန်ခဲ့သည်။ ဘာရယ်မဟုတ်ဘူး သူသက်ပြင်းကို 'ဟင်း'ခနဲချဖြစ်သည်။





အမှန်အတိုင်း ဝန်ခံရရင်တော့ မျက်နှာချင်းဆိုင် စားပွဲဝိုင်းမှာ စားနေတဲ့ ကောင်မလေး တော်တော်လှတာကို သူ သတိထားမိသည်။

သတိထားမိလို့လည်း ဘာရယ်မဟုတ်။ သူ ခဏခဏ လှမ်းလှမ်းရှိုးဖြစ်သည်။ လှမ်းကြည့်တိုင်းလည်း အကြည့်ချင်း ခဏခဏဆုံသည်။

အကြည့်ချင်း ခဏခဏ ဆုံသည့်ကြားက ခဏခဏ ကြည့်ဖြစ်ပြန်သည်။

"ကောင်မ… များနေပြီနော်"

"ငါလည်း အဲဒါပြောမလို့ပဲ သားကြီး"

သူတစ်ဖက်ဝိုင်းမှ ကောင်မလေးကို လှမ်းလှမ်းရှိုးနေမှန်း သိသည်မို့ 'ဖြိုးမောင်'က သူ့ကို မျက်လုံးပြူးပြရင်း ဆိုသည်။

www.burmeseclassic.com



သက်ကလည်း 'အဲဒါပြောမလို့ပဲ'ဟု ဟန်မပျက် စားရင်းနဲ့ ဆိုသည်။

"အေးပါကွာ… အေးပါကွာ"

သူ ရှက်အမ်းအမ်းဖြင့် ဆိုဖြစ်သည်။

သိပ်မကြာခင်မှာပင် ကောင်မလေးတို့ဝိုင်းက ငွေရှင်းက ထွက်သွားသည်။ ဖြစ်ချင်တော့ သူမ စောစောက ကိုင်ကာပြော သော ဖုန်းကျန်ခဲ့သည်ကို သူ လှမ်းတွေ့သည်။

'ဖုန်းကျန်ခဲ့တယ်'ဟု လှမ်းပြောလိုက်ရင်လည်း ဖြစ်သည် သို့သော် သူနည်းနည်းတော့ မကောင်းစိတ်ဝင်သည်။ ဖုန်းကို သွ ယူထားပြီး နောက်မှပြန်ပေးဖို့ တွေးဖြစ်သည်။

သို့နှင့် ကောင်မလေးတို့ ထွက်သွားပြီး သိပ်မကြာခင်မှ မျက်နှာချင်းဆိုင် စားပွဲဝိုင်း၌ ကျန်ခဲ့သော သူမ၏ဖုန်းကို သူ သွ ယူဖြစ်သည်။

"သားကြီး ဇာတ်လမ်းတော့စလို့ရပြီပေါ့ ဟုတ်လား"

သက်က ပြုံးစိစိဖြင့် ဆိုသည်။

"ကောင်မ ညည်းအကြည့်ဒဏ်မခံနိုင်လို့ ဟိုက ဖုန်းတော မေ့တဲ့အထိ ပြေးတာပဲကြည့်တော့ မဟားတရားကြီး သွားငမ်းတ ကိုးဟဲ့"

ဖြိုးမောင်ကလည်း ရယ်ကြဲကြဲဖြင့် ခပ်နွဲ့နွဲ့ပင်ဆိုသည်





ယ်ငယ်လေးကတည်းက တွဲလာကြသည်မို့ တစ်ယောက်အထာကို တစ်ယောက်ဖွင့်မပြောဘဲ နားလည်နေကြသည်မို့ သူ ဘာမှ ပြန်မပြောနေဘဲ နှစ်ကောင်စလုံးကို မျက်စိမှိတ်ပြဖြစ်သည်။

"ကဲ… အခု ဘာဆက်လုပ်မလဲ"

သက်က မျက်ခုံးတစ်ဖက်ပင့်ရင်း မေးသည်။

"ဖုန်းထိုင်စောင့်ရမှာပေါ့ကွာ၊ သူတို့ လှမ်းတဲ့ လမ်းလျှောက် န်းနဲ့ဆို အခုမှ ဆိုင်ပြင်လောက်ပဲ ရှိဦးမှာဆိုတော့ မေ့သွားတာကို သတိရပြီး ပြန်လှည့်ချင်လည်း လှည့်လာမှာပဲ"

သူ့စကားမဆုံးခင်မှာ ဖုန်းက ဝင်လာသည်။ သူတစ်ချက်ပြုံး ရင်း ဖုန်းကို ကိုင်ဖြစ်သည်။

"ဟဲလို"

"ဟုတ်ကဲ့ခင်ဗျာ"

"ကျွန်မလေ ဖုန်းကျန်ခဲ့လို့ ရှင့်"

"ဟုတ်တယ် ကျွန်တော် တွေ့ထားတယ်ခင်ဗျာ။ ဘယ်ကို လာပေးရင် အဆင်ပြေမလဲ မသိဘူးခင်ဗျာ…"

"ဆိုင်ရှေ့က ကားပါကင်မှာပါရှင့်။ ဒါပေမယ့် ကျွန်မ လာ ယူပါမယ်။ အခုက ကားပါကင်က သူများကားကို နည်းနည်းချိတ် မိသွားလို့ အဲဒါ… ဆိုင်ဝန်ထမ်းနဲ့ စကားပြောနေလို့ပါရှင့်"

"ဪ… ဟုတ်ကဲ့ ဒါဆိုရပါတယ်။ ကျွန်တော် လာပေးပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒါနဲ့ အကျႌ ဘာအရောင်ဝတ်ထားလဲခင်ဗျာ''

သီရိသားနှင့် ဖိန့်… ဖိန့်လုပ်ကာ မေးသောသူ့ကို သေက်က ရယ်သဲ့သဲ့ဖြင့် ကြည့်သည်။ ဖြိုးမောင်က မျက်စောင်းကြီးထိုးသည်။

''အပြာရောင်ပါရှင့် ကားနံပါတ်-----မှာ ရပ်စောင့်နေပါ့ မယ့်ရှင့်။ ကျေးဇူးပါပဲနော်''

''ဟုတ်ကဲ့ရပါတယ်ခင်ဗျာ။ အခုပဲ ထွက်လာပါပြီခင်ဗျာ''

ဖုန်းကိုင်ရင်း ဘော်ဒါနှစ်ကောင်ကို မချိုမချဉ် ပြုံးပြဖြစ်သည်။ ပြီးတော့ သူမ၏ဖုန်းကို ခပ်ကျုပ်ကျုပ်ကိုင်ကာ ဆိုင်ရှေ့ရှိ ကားပါကင် ဆီ ထွက်လာခဲ့သည်။

''အစ်ကို… အတော်ပဲ။ ဟိုမှာ အစ်ကို့ကားကို နည်းနည်း ချိတ်မိသွားလို့။ အဲဒါအစ်ကိုကို လာခေါ်တာ။ ကားက နည်းနည်း လေး ခြစ်ရာထင်သွားတယ်''

လာစားနေကြဆိုင်မို့ စားပွဲထိုးက သူ့ကို မျက်မှန်းတန်းမိနေ သည်။ တကယ်တော့ သူ့ကား အချိတ်ခံရတာ စိတ်ဆိုးစရာဖြစ် သော်လည်း… သူ ပျော်သွားမိသည်။ သူမ ဖုန်းဆက်စဉ်က ကားချိတ်မိသွားသည်ဟု ဆိုသည်ကိုး။

ကားပါကင်ဆီရောက်တော့ သူမကို မျက်နှာအနည်းငယ်ပျက် နေသော ပုံစံဖြင့် တွေ့ရသည်။ သူမ၏ ဘော်ဒါများကလည်း မျက်နှာ မကောင်းကြ။





''ဒီမှာ ဖုန်းပါခင်ဗျာ''

''ကျေးဇူးပါပဲရှင်''

''ကားက ဒီအစ်ကိုရဲ့ကားခင်ဗျာ''

ဆိုင်ဝန်ထမ်း၏စကားကြောင့် သူမက သူ့ကို အားနာဟန်ဖြင့် လှမ်းကြည့်သည်။

''အားနာလိုက်တာရှင်။ ကျွန်မ ဘယ်လိုလုပ်ပေးရမလဲ''

အတော်ကြီးကို အားနာဟန်ဖြင့် သူမက ခေါင်းကိုကုတ်ရင်း ဆိုသည်။

''ဟာ… ရပါတယ်ဗျာ။ နည်းနည်းပါးပါး ခြစ်မိသွားတာပဲ ဥစ္စာ။ ကိစ္စမရှိပါဘူး။ ဒါမျိုးက ဖြစ်တတ်ပါတယ် ရတယ်။ ညီမတို့ သွားစရာရှိတာ သွားပါ။ အားမနာပါနဲ့''

ခြစ်မိသွားသော အစင်းကြောင်းကို လက်ဖြင့် ပွတ်ကြည့်ရင်း သူဆိုဖြစ်သည်။ သူမက ခေါင်းကို ယမ်းသည်။

''မဟုတ်တာပဲရှင်။ ကျွန်မ တာဝန်ယူပါတယ်''

ပြောပြောဆိုဆို သူမက အိတ်ထဲမှ ငွေအချို့ကို လှမ်းနှိုက် သည်။

''ဒီအစင်းကြောင်းလောက်ဆို ပြန်လုပ်ရင် တစ်သိန်းလောက် တော့ကျမှာပါ ယူပါရှင့်။ ကျွန်မ အားနာလွန်းလို့ပါ''

သူမက… ငါးထောင်တန်အချို့ကို ကမ်းပေးရင်း ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်သိန်းတော့ မကျလောက်ပါဘူး။ ဒီလိုလုပ်ပါလား။ ညီမရဲ့လိပ်စာကဒ် ပေးခဲ့လေ။ ပြင်ပြီးတော့မှပဲ ကျွန်တော် ဆက်သွယ်လိုက်ပါ့မယ်ခင်ဗျာ။ ကျွန်တော့်သဘောဆိုရင်တော့ လက်မခံပါဘူး။ ညီမက အရမ်းအားနာနေတယ်ဆိုလို့..."

သူ ခပ်တည်တည်ပင် ဆိုဖြစ်သည်။ သူမက အိတ်ထဲမှ လိပ်စာကဒ်ကို ထုတ်သည်။

"ဟုတ်ကဲ့ပါရှင်၊ ဒါ ကျွန်မရဲ့ လိပ်စာကဒ်ပါ။ မဆက်သွယ်ဘဲတော့ မနေပါနဲ့ရှင်။ ကျွန်မ အားနာလွန်းလို့ပါ။ ဖြစ်နိုင်ရင် အစ်ကိုရဲ့ လိပ်စာကဒ်လေးလည်း လိုချင်ပါတယ်ရှင့်။ မဆက်သွယ်ရင် အားနာရမှာစိုးလို့ပါ"

သူမ၏စကားအဆုံးမှာ သူပြုံးရင်း ခေါင်းညိတ်ပြ ဖြစ်သည်။ ပြီးတော့ သူ့ပိုက်ဆံအိတ်ထဲမှ လိပ်စာကဒ်ကိုယူကာ သူမဆီ ပေးဖြစ်သည်။

"ကဲ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့... ဖုန်းယူလာပေးလို့ ကျေးဇူးပါနော်အစ်ကို"

"ဟာ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူမ၏ လိပ်စာကဒ်ကိုယူကာ သူ ထွက်ခဲ့ဖြစ်သည်။ ဘာရယ်မဟုတ် ရင်ထဲမှာကတော့ ရှင်မြူးကာနေသည်။





Love has made heroes of many and fools of many more.

အချစ်သည် သူရဲကောင်းများစွာကို ဖြစ်ပေါ်စေကာ လူရူးလူမိုက်များကို ထို့ထက်ပိုမိုကာ ဖြစ်ပေါ်စေသည်။

Swedish Proverb



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကဒ်ကို ထောင်ပြရင်း ပြုံးရွှင်စွာ ဝင်လာသော သူ့ကို နှစ်ကောင်သားက လက်ဝါးချင်းရိုက်ကြရင်း ကြိုသည်။

"လိပ်စာကဒ်နဲ့ ဖုန်းနဲ့ လဲလာတယ်ပေါ့"

သက်က မျက်စိမှိတ်ပြရင်း မေးသည်။

"ဘယ်ကလာ ငါ့ကားကို သူ့ကားနဲ့ အခြစ်ခံပြီးမှ ရလာတာ"

"ကောင်မရယ် ရှင်းအောင်ပြောစမ်းပါ"

ဖြိုးမောင်က ထုံးစံအတိုင်း ခပ်နွဲ့နွဲ့ဆိုသည်။

"ဒီလိုကွာ ------------------------------"

သူ့စကားအဆုံးမှာ နှစ်ကောင်သားက 'ဒီလိုကိုး' ဟု ဆိုသည်။

"ကောင်မရယ်၊ ကားချင်းကတော့ ရရစ်နဲ့ခြစ်ပြီး သွားကြပြီး လူချင်း ရပင့်နဲ့ချစ်ဖို့ပဲလိုတော့တာပေါ့"





ဖြိုးမောင်က မျက်လုံးကို ပေကလပ်ပေကလပ် လုပ်ရင်း ဆိုသည်။

"ငါတို့နဲ့စကားပြောရင် ကောင်မရယ် ကောင်မရယ်နဲ့ မပြောနဲ့လို့ ပြောထားတာ ဘယ်နှခါရှိပြီလဲ... ဘယ်နှခါရှိပြီလဲ"

သက်က ဖြိုးမောင်၏ပခုံးကို ရိုက်ကာရိုက်ကာဖြင့် ဆိုသည်။

"ဟဲ့ နာတယ်ဟဲ့... ကောင်မရဲ့"

ရိုက်နေသည့်ကြားက ဖြိုးမောင်က ထပ်ဆိုသည်။

"အာ... ဒီကောင်ကတော့။ ဘယ်လောက်ပြောပြော အမှတ်ကို မရှိဘူး။ ပြောဦး... ပြောဦး..."

သက်က ဖြိုးမောင်နားရွက်ကို ဆွဲကာဆိုသည်။ သို့သော် အမှတ်မရှိသော ဖြိုးမောင်ကတော့ 'နာပါတယ်ဆို... ကောင်မရဲ့ တကယ်ပြောတာ' ဟု ဆိုဖြစ်အောင်ဆိုသည်။ သူတို့နှစ်ယောက်ကို ကြည့်ကာ သူ ရယ်ဖြစ်သည်။

ပြီးမှ-

လိပ်စာကဒ်မှ နာမည်ကို ဖတ်ဖြစ်သည်။

နာမည်က ရိုးရိုးရှင်းရှင်းပင်။ 'နှင်းရတီ' ဟုခေါ်သည်။

'နှင်း' ဆိုသောဝေါဟာရနှင့်အတူ ရင်ထဲအေးမြသွားသည်တော့ အမှန်ပဲဖြစ်သည်။ သက်ကတော့ ဖြိုးမောင်ကို ပခုံးရိုက်နေတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရူးကို ရိုက်နှက်နေရတာနဲ့ လိုရင်းက ပျောက်တော့မယ်။ ပြောပါဦး ကား ဘာဖြစ်သွားလဲ သားကြီး"

သေက်က ဖြိုးမောင်ကိုရိုက်နေရာမှ မေးလိုက်သည်။

"အစင်းရာလေး နည်းနည်းထင်သွားတာပါကွာ အေးဆေး"

ပြုံးဖြီးဖြီးကြီးဆိုရင်း လိပ်စာကဒ်ကို ထောင်ပြသော သူ့ကို ဖြိုးမောင်က 'အရူး'ဟုဆိုကာ မျက်စောင်းထိုးသည်။

"Swedish စကားပုံလိုပေါ့ကွာ။ အချစ်ကြောင့် သူ့ရဲ့ကောင်းတွေ အများကြီး ဖြစ်ပေါ်စေပြီးတော့ လူရူးလူမိုက်တွေကို ပိုဖြစ်စေတယ်တဲ့။ အခုလည်း သားကြီး... မင်းက အချစ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ နည်းနည်းတော့ ရူးနေပြီ"

သေက်က ရယ်တည်ကြီးနှင့် ဆိုသည်။

"ချစ်စရာလေးကွာ စကားပြောတာလေးကလည်း ချိုသာယဉ်ကျေးလိုက်တာ။ လူတောင် အရှည်ပျော်ကျသွားမလား အောက်မေ့ရလောက်အောင်ကို ချိုသာတာ။ ရည်းစားမရှိတဲ့ လိုင်စင်မဲ့လေးပဲ ဖြစ်ပါစေဗျာ"

ဆုတောင်းစကားဆိုသော သူ့စကားအဆုံးမှာ ဖြိုးမောင်က-

"ဆုတောင်းလေ... ကောင်မရဲ့ ဆုတောင်း။ ဒီလောက်လှတဲ့ မိန်းကလေးက ရည်းစားမရှိဘဲ နေမလားဟဲ့"

ဟုဆိုသည်။





"ပြောမနေပါနဲ့ ဖြိုးမောင်ရာ။ ပြောလို့မရဘူး ရုပ်ချောပေမယ့်လည်း ရည်းစားမရှိတဲ့ ကောင်မလေးတွေ အများကြီးပဲရှိပါတယ်။ ကံကောင်းပါစေ သားကြီး"

သေက်က သူ့ပခုံးကိုခပ်ဖွဖွ လှမ်းထိုးရင်းဆိုသည်။ သူအသာပြုံးပြဖြစ်သည်။

❦



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်ရသည်မို့ ကားမှာ ဖြစ်သွားသော အစင်းရာသေးသေးလေးကို ပြုပြင်ဖို့အချိန်က မပေးနိုင်။ 'နှင်းရတီ'ဆိုသော ကောင်မလေးကို သတိရနေပါသော်လည်း ချက်ချင်းကြီး ဖုန်းဆက်ကြောင်ရန်ကလည်း မသင့်လှဟု သူတွေး ဖြစ်သည်။

သိပ်တော့ မကြာလိုက်။ ကားမှာ အစင်းရာထင်ပြီး သုံးရက်မြောက်နေ့မှာ သူမဘက်က ဖုန်းစတင် ဆက်လာခဲ့သည်။ သူမဆီမှ လိပ်စာကဒ်ရစဉ်ကတည်းက ဖုန်းနံပါတ်ကို ကြိုတင် Save လုပ်ထားသည်မို့ ဖုန်းဝင်လာချိန်မှာ နံပါတ်က သူမအမည်နှင့် ပေါ်ကာနေသည်။

သို့သော်...

နည်းနည်းလေးတော့ သူ ပဲများချင်သေးသည်မို့ မသိယောင်ဆောင်ဦးမှဟုတွေးရင်း ဖုန်းကိုင် ဖြစ်သည်။





"ဟဲလို"

"ဟုတ်ကဲ့... ကိုမင်းသူရခေါ်ပါလား ရှင်"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဘယ်သူပါလဲ ခင်ဗျာ"

"နှင်းရတီပါရှင့်"

"ခင်ဗျာ... ဘယ်သူ"

တမင် မသိချင်ယောင်ဆောင်ကာနေသည်မို့ 'ဘယ်သူ'ဟု သူ မေးဖြစ်သည်။ သူမဘက်က ချက်ချင်းတုံ့ပြန်မဖြေ။ အတန်ကြာမှ-

"ဟိုတစ်နေ့က ကားချိတ်မိသွားတဲ့ တစ်ယောက်ပါရှင်"

သူမ၏စကားအဆုံးမှာ သူပြုံးဖြစ်သည်။ နည်းနည်းတော့ အောင့်သက်သက် ဖြစ်သွားမလားမသိ။

"သြော်... ဟုတ်ကဲ့ပါခင်ဗျ... မှတ်မိပါပြီခင်ဗျာ"

"ကားမှာထင်သွားတဲ့အစင်းရာကို လုပ်ပြီးပြီလားရှင့်။ ဖုန်းလည်း ဆက်မလာတော့ အားနာလို့ ဆက်လိုက်တာပါရှင်"

သူမ၏စကားသံက ချွဲနွဲ့လွန်းသည်လည်း မဟုတ်၊ မာထန်နေသည်လည်း မဟုတ်။ ချိုရုံမို့ နားမှတစ်ဆင့်နှလုံးသားထဲ တိုက်ရိုက်ဝင်သွားသလား အောက်မေ့ရသည်။ ချိုသာလွန်းလေစွ။

"အစ်ကိုလည်း ဒီရက်ပိုင်းအတွင်း မအားတာနဲ့ မလုပ်ဖြစ်သေးဘူး ညီမရေ။ အစင်းရာလေးက နည်းနည်းလေးပါ သိပ်



www.burmeseclassic.com

www.burmeseclassic.com



မသိသာပါဘူး''

''ဒါပေမယ့် နှင်းကကျတော့ စိတ်ထဲမှာ အကြွေးတင်သလို ခံစားနေရတယ်လေ၊ ကိုယ့်ကြောင့်ဖြစ်သွားတာဆိုတော့…''

အခေါ်အဝေါ်တွေ မသိမသာပြောင်းသွားတာကို သူ သတိထားမိသည်။ သူလည်း သူ့ကိုယ်သူ အစ်ကိုဟု သုံးနှုန်းကာ သူမကို ညီမဟုဆို ဖြစ်သည်။ သူမကလည်း သူမကိုယ်သူမ နှင်းဟု ဆိုလာသည်။

''စိတ်ထဲမှာ ဘာမှမထားပါနဲ့ ညီမရာ။ အများကြီးဖြစ်သွားတာလည်း မဟုတ်ဘူးဆိုတော့ အစ်ကိုကလည်း ဒီရက်ပိုင်းအတွင်းမှာ အလုပ် နည်းနည်းရှုပ်နေလို့ပါ။ တပည့်တွေကလည်း မအားကြတော့ ခိုင်းစရာလူကိုမရှိဘူး ဖြစ်နေတာညီမရ''

''ဒါဖြင့် နှင်းကိုယ်တိုင် ကားလာယူရမလား၊ အကြွေးတင်သလို ဖြစ်နေတာကို မကြိုက်လို့''

''ဟောဗျာ''

သူမ၏ ကလေးဆန်မှုကို သူချစ်သွားရင်း 'ဟောဗျာ'ဟု အရယ်တစ်ဝက်ဖြင့် ရေရွတ်မိသည်။ ပြီးတော့ သူ ခပ်တိုးတိုး ရယ်ဖြစ်သည်။

''ကဲပါဗျာ။ ဒါဖြင့်လည်း ဒီနေ့ပဲ အစ်ကိုအချိန်လုပြီး သွားလုပ်လိုက်ပါ့မယ်။ ပြီးတော့မှ ဖုန်းဆက်လိုက်မယ် ဟုတ်ပြီလား''





''ဟုတ်ကဲ့ ကျေးဇူး''

သူ့စကားအဆုံးမှာ သူမက 'ဟုတ်ကဲ့'ဟု ဆိုသည်။ ချစ်စရာကောင်းလွန်းသော သူမ၏ ကလေးဆန်မှုက သူ့အဖို့တော့ ကြည်နူးစရာကောင်းလှသည်။

''တကယ်ဆက်နော်'

ဟု သူမက စိတ်မချသလို ဆိုသည်။

''ဆက်မှာပါဗျာ… စိတ်ချ''

သူမကို သူ ကတိပေးဖြစ်သည်။ 'ဒါပဲနော်'ဟုဆိုကာ သူမဘက်က ဖုန်းချသွားသော်လည်း သူဖုန်းကို ကိုင်ထားမိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ဟုတ်ကဲ့ ကိုမင်းသူရဇော် ပြောပါရှင့်"

"ကားကတော့ ပြင်ပြီးသွားပြီဗျ"

"ဘယ်လောက်ကျလဲ မသိဘူးနော်"

သူမကို ကုန်ကျစရိတ် မပြောသေးဘဲနေမှာဟု သူ တွေး[illegible]

သည်။

"နည်းနည်းပါဗျာ။ ဒါနဲ့ ငွေပြန်မပေးပါနဲ့လားဗျ"

"ဒါဖြင့် နှင်းက အကြွေးတင်သွားမှာပေါ့"

"ဒီလိုလုပ် မိတ်ဖြစ်ဆွေဖြစ် တစ်ခုခုကျွေးဗျာ"

သူ၏ အရောဝင်ချင်မှုက လွှတ်ခဲ့သောနှစ်များစွာက ဖော်[illegible]

လာမို့ ဒိတ်အောက်နေသည်ကတော့ အမှန်ပဲဖြစ်သည်။ သို့သေ[illegible]

လည်း အသံစ်ဘယ်လိုကောင်းကောင်း အပြောင်းတလည်လ[illegible]





ဆိုသလို တစ်ခါတလေကျတော့လည်း နည်းလမ်းအပြောင်းက ကောင်းချင် ကောင်းနေတတ်တာမျိုး။ သူ၏စကားကို သူမက ချက်ချင်းကြီး ပြန်မဖြေ။ သူ... နည်းနည်းတော့ စိုးရိမ်စိတ်ဝင်သွားမိသည်။ အထင်များသေးသွားပြီလားဟု တွေးသည်။

"နှင်းက မနက်ဖြန် မအားဘူး။ သန်ဘက်ခါ နေ့လယ်စာဆိုရင် အဆင်ပြေလား အစ်ကို"

သူ ရုတ်တရက် မြောက်တက်သွားသလို ခံစားရသည်။

"သန်ဘက်ခါ... သန်ဘက်ခါ... အင်း... သန်ဘက်ခါဆိုရင်တော့ အစ်ကိုလည်း အားတယ်။ အိုကေလေ ညီမ။ ဟိုဆိုင်မှာပဲ ဆုံကြမလား။ ညီမ အဆင်ပြေမယ့် နေရာပြောလေ"

ချက်ချင်းကြီး 'အားတယ်'ဟု မဆိုဖြစ်ဘဲ စဉ်းစားချင်ယောင်[illegible]ဆောင်ကာ ခဏနေပြီးမှ သူဆိုဖြစ်သည်။ ချက်ချင်းကြီး 'အားတယ်'[illegible]ဟု ဆိုလိုက်ပါက သူတွေ့ချင်နေမှန်း သိပ်သိသာသွားမှာစိုး၍ဖြစ်သည်။

"အကြွေးတင်ခဲ့တဲ့ ဆိုင်မှာပဲ အကြွေးပြန်ဆပ်မယ်လေ"

အရယ်တစ်ပိုင်းဖြင့် ရယ်သံ့သံ့ဆိုသော သူမ၏စကားကြောင့် [illegible]ရယ်ဖြစ်သည်။

"စားရမှာတောင် နင်တင်တင်ကြီးပါလားဗျာ"

"နောက်တာပါရှင်... ဒါဖြင့် သန်ဘက်ခါ နေ့လယ် ၁၂



www.burmeseclassic.com

www.burmeseclassic.com



နာရီခွဲဆို အဆင်ပြေလား။ အစ်ကို အဆင်ပြေမယ့် အချိန်ပြောလေ"

"အာ… ပြောတယ်လေ။ ၁၂ နာရီခွဲဆိုရင် အဆင်ပြေပါ တယ်"

"ဒါဆို… ဒါပဲနော်"

သူဖုန်းကိုချပြီး လက်သီးကိုကျစ်နေအောင်ဆုပ်ကာ 'ရေး' ဟု သူ ထအော်ဖြစ်သည်။ ပျော်လွန်းနေသည်ကတော့ အမှန်ပဲဖြစ်သည်။

"သူငယ်ပြန်နေတာလား ဦးဦး"

တူမဖြစ်သူသွန်းက မချိမချဉ်ဖြင့် ဆိုသည်။

"လူကြီးကို နောက်စရာလား။ နားရင်းပိတ်တီးလိုက်ဦးမယ်"

"အံမယ်မယ် ငါ့တူမကို လက်ဖျားလေးနဲ့ပဲ ထိကြည့်လိုက် စမ်းပါ။ မတိုးအကြောင်း သိသွားမယ်"

သူ့စကားအဆုံးမှာ မတိုးက ခါးကြီးထောက်ကာ ဆိုသည်။

"တီတီရေ… ဦးဦးက သန်ဘက်ခါ ကောင်မလေး တစ် ယောက်နဲ့ နေ့လယ်စာစားဖို့ ချိန်းနေပါတယ်ဗျို့"

သွန်းက မချိမချဉ်နှင့် ဆိုသည်။

"သန်ဘက်ခါ မောင်လေးကားကို မတိုးယူဦးမယ်နော် နေ့လယ်စာ စားချိန်လောက်ပေါ့ကွယ်"

"လာမညစ်နဲ့ ကိုယ့်ကားကိုယ်သုံး၊ ဒါပဲ"

သူ ခေါင်းခါကာ ရှက်ဝဲဝဲဖြင့် ဆိုဖြစ်သည်။





"ဟဲ့ မတိုးကားက ဝပ်ရှော့ပို့မလို့"

"ဒါဖြင့် Taxi နဲ့ သွားလေဗျာ"

"အောင်မာ မောင်လေးက ယောကျ်ားလေးလေ။ လိုင်းကား နဲ့ပဲသွားသွား Taxi နဲ့ပဲဒိုးဒိုး ပိုအဆင်ပြေတယ်"

"မကြားပါဘူးဗျို့။ ဘာမှမကြားပါဘူးဗျို့"

သူမတို့ဘက်လှည့်ကာ နားနှစ်ဖက်ကို ပိတ်ပြရင်း အရယ် တစ်ဝက်ဖြင့် ဆိုဖြစ်သည်။ မတိုးနှင့်သွန်းက သူ့ကိုမျက်စောင်းကြီး ထိုးသည်။ ဘာရယ်မဟုတ် သူ့ရင်ထဲမှာ အပျော်တွေက အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



All men seek one goal: Success or happiness.

လူသားအားလုံးသည် ပန်းတိုင်တစ်ခုကို ရှာဖွေကြ၏။ အောင်မြင်မှု သို့မဟုတ် ပျော်ရွှင်မှု ဖြစ်သည်။

Aristotl





"တီတီရေ… အိမ်ထဲမှာ ရေမွှေးပုလင်းများ မှောက်ကျထားသလားပဲနော်"

အိမ်ပေါ်မှဆင်းလာသော သူ့ကိုကြည့်ကာ သွန်းက ဆိုသည်။ နှာခေါင်းကို ပွစိပွစိ လုပ်သည်။

"ကဲကဲ သွားစရာရှိတာ မြန်မြန်သွား၊ ဒီရက်ထဲမှာဆို ကားလမ်းက အလွန်ပိတ်တာ"

မတိုးက ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"ဖွဟဲ့… လွဲပါစေဖယ်ပါစေဗျာ။ မီးပွိုင့်တောင်တစ်ချက်ကလေးမှ မမိပါစေနဲ့ဗျာ။ ကားလမ်းလည်း မပိတ်ပါစေနဲ့"

သူ ရယ်သဲ့သဲ့ဖြင့် မျက်နှာကိုမော့ကာ လက်အုပ်ချီရင်း ဆိုဖြစ်သည်။

"ဆုတောင်းတိုင်းသာ… ပြည့်စေချင်ပါသည်"

သွန်းက သီချင်းဆိုကာ ပြောင်သည်။ သူ မကြားယောင်ပြုကာ



www.burmeseclassic.com

www.burmeseclassic.com


ဆွဲခန်းထဲမှ ကားသော့ချိတ်နေကျနေရာကို လျှောက်ခဲ့ဖြစ်သည်။

"ဟင်..."

ကားသော့ကို သူချိတ်နေကျ နေရာမှာ မတွေ့။ သွန်းကို မသင်္ကာစွာ လှမ်းကြည့်တော့ နားကြပ်တပ်ကာ သီချင်းလိုက်ညည်းနေသည်။ မတိုးကို လှမ်းကြည့်တော့ ကြက်မွေးတစ်ချောင်းဖြင့် သန့်ရှင်းရေးလုပ်ကာ နေသည်။ နှစ်ယောက်စလုံး တစ်ကြိတ်တည်း တစ်ဉာဏ်တည်းဖြစ်မည်ဟု သူ တွေးမိသည်။

"ဟုတ်ကဲ့... ကားသော့ကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖွက်ထားသူများ ခင်ဗျာ။ ကျွန်တော့်ကားသော့ကို အချိန်မီ... ပြန်ပေးဖို့ တောင်းဆိုပါတယ်"

သူ၏စကားအဆုံးမှာ သွန်းနှင့်မတိုးက တစ်ယောက်ကို တစ်ယောက်ကြည့်သည်။ ပြီးတော့မှ ခေါင်းခါကြသည်။

"ဦးဦး အထားမှားတယ်ထင်တယ်"

"သေချာရှာကြည့်ပါဦးကွယ်။ တစ်ဖက်သားတွေကို စွပ်စွပ်စွဲစွဲတော့ မလုပ်ပါနဲ့ ငါ့မောင်ရယ်။ စိတ်နဲ့လူနဲ့ ကပ်ထားစမ်းပါ"

ပြောင်ချော်ချော်တွေနှင့် ဆိုနေကြသည်မို့ သူ နည်းနည်းတော့ ခံရခက်သည်။ သို့သော်လည်း ကားသော့ကို ပုံမှန်ချိတ်နေကြနေရာမှလွဲ၍ ဘယ်မှာမှ သူ ယူမသွားတတ်။ သူနာရီကို ကြည့်ဖြစ်သည်။ ၁၂ နာရီမတ်တင်း ရှိပြီဖြစ်သည်။





"ကဲပါ... ကားလမ်းမပိတ်မှ နာရီဝက်ကျော်ကျော်နဲ့ ရောက်မယ့်ခရီးမို့လို့ ကားသော့မြန်မြန်ပေးကြပါ။ ပထမဆုံးဆိုတဲ့ First Impression ခေါင်းမှာစိုးလို့ ပြောနေတာ"

သူ နာရီကိုကြည့်ရင်း ဆိုဖြစ်သည်။

"ကဲပါ... သွန်းရယ် ပေးလိုက်စမ်းပါ"

"ဟောတော်... တီတီကလည်း စွပ်စွပ်စွဲစွဲနဲ့ သွန်း မကိုင်ပါဘူး"

မတိုး၏စကားကို သွန်းက ငြင်းသည်။

"တီတီ သိမ်းထားတာဆိုရင်လည်း ပြန်ပေးလိုက်လေ... ဦးဦး မျက်နှာက ဓါးရှက်လောက်ပဲ ရှိတော့တယ်"

"ဟဲ့ သူ့ကားသော့ကို ငါက ကလေးကလားနဲ့ ဖွက်စရာလား။ ဟဲ့ မိစမ်းရယ်... မိစမ်း"

"ရှင်"

အကူကောင်မလေးက မတိုးရှေ့ကို ရောက်လာသည်။

"ဒီက ကားသော့ တွေ့မိသေးလား"

"စောစောက သန့်ရှင်းရေးလုပ်တော့ ခဏဖြုတ်ထားသေးတယ်"

မတိုး၏အမေးကို မိစမ်းက ဖြေသည်။

"အေး... ဖြုတ်ပြီး ဘယ်ထားလိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူစိတ်မရှည်စွာ ဝင်မေးမိသည်။ မိစမ်းက အူကြောင်ကြောင်ဖြင့် 'ဘယ်ထားမိပါလိမ့်' ဟုဆိုသည်။

"မြန်မြန်စဉ်းစား… အချိန်က မရှိပါဘူးဆိုနေမှ ပြဿနာပဲ" သူ နာရီကိုကြည့်ရင်း ဆိုဖြစ်သည်။

"ဩော်… မှတ်မိပြီ… ဟိုမှာ… ဟိုမှာ"

မိစမ်းက ဘေးစားပွဲပေါ်ကို ပြသည်။ သူ ကားသော့ကို ခပ်သုတ်သုတ် သွားယူဖြစ်သည်။ မိစမ်းက 'တော်ပါသေးရဲ့' ဟု သက်ပြင်းချရင်းဆိုသည်။

"တော်သေးတာပေါ့ မိစမ်းရယ်။ ညည်းလုပ်ပုံနဲ့ ဟိုဟာ ဒါတို့ကို စွပ်စွဲနေတာ။ မျက်နှာကြီးကို သုန်မှုန်နေတာပဲ"

မတိုး၏ ရိသဲ့သဲ့အဆိုကြောင့် သူ ရှက်ဝဲဝဲပြုံးဖြစ်သည်။

"မသိဘူးလေ။ ရုပ်တွေက ပြောင်စပ်စပ်တွေနဲ့ မသမာတဲ့ ရုပ် ထွက်နေကြတာကိုး ဟီး"

သူ ရယ်ရင်းဆိုဖြစ်သည်။ ပြီးတော့ အိမ်ထဲမှ ခပ်သွက်သွက် ထွက်ဖြစ်သည်။

"အောင်မာမာ ဒီလောက်တည်ကြည်တဲ့ ရုပ်ကိုများ ပြော ရက်လိုက်တာ။ ပြောရက်လိုက်တာ…။ ကားလမ်းပိတ်ပါစေတော်"

မတိုး၏ ဆုတောင်းသံက နောက်က ကပ်ပါလာသည်။ ဘာရယ်မဟုတ် သူ ရယ်ဖြစ်သည်။





မတိုး တောင်းလိုက်သောဆု ပြည့်သည်ထင် ကားလမ်းက တောက်လျှောက်ပိတ်ကာ မီးပွိုင့်က တောက်လျှောက်မိသည်။

နာရီကိုကြည့်လိုက်တော့ ၁၂ နာရီကျော်ပြီဖြစ်သည်။ သိပ် အခြေအနေမကောင်း။ ဘာပဲဖြစ်ဖြစ် ထွက်လာပြီဆိုသည့်အကြောင်း တော့ ကြိုဖုန်းဆက်ထားမှဟုတွေးရင်း မီးပွိုင့်မိနေတုန်း သူမဆီ ဖုန်းခေါ်ဖြစ်သည်။

"ဟဲလို"

"ညီမရေ၊ အစ်ကိုပါ ကိုမင်းသူရဇော်ပါ"

"ဟုတ်ကဲ့အစ်ကို… ဆိုင်မှာရောက်နေပြီလား။ နှင်းက… ကားကွေ့လိုက်တာနဲ့ ရောက်ပြီရှင့်"

"မဟုတ်ဘူး အစ်ကို လမ်းမှာ ကားပိတ်နေလို့ လှမ်းဆက် တာ။ တကယ်လို့ ညီမဆာတယ်ဆိုရင် မှာစားနှင့်ပါခင်ဗျာ"

"ရပါတယ်။ နှင်းစောင့်နေပါ့မယ် အေးအေးဆေးဆေးပဲ မောင်းခဲ့ပါနော်။ ဒါပဲနော်"

"အိုကေ… ညီမလေး"

မီးစိမ်းပြီမို့ ဖုန်းကိုချရင်း သူ ဆက်မောင်းလာခဲ့ဖြစ်သည်။ ကားကို လိုသည်ထက်ပိုကာ ခင်ဗျာချင်း ထပ်နေအောင်ဆိုသော သူ့ကိုယ်သူလည်း နည်းနည်းတော့ ရယ်ချင်မိသည်။

"အေးအေးဆေးဆေးပဲ မောင်းခဲ့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော သူမ၏ လေသံလေးက နားမှတစ်ဆင့် ရင်ထဲကို ထုံးစံအတိုင်း စီးဝင်သွားသည်ထင်။ ရင်ခုန်သံတို့က မမှန်တော့။ ဖြစ်နိုင်ရင်တော့ ဒီလိုမှုမမှန်သော ရင်ခုန်သံတို့ကို သူမအား နားဆင်ကြည့်စေချင်သည်က အမှန်။

လမ်းများကလည်း အရင်ရက်များထက် ပိုမိုရှုပ်ထွေးနေသလို ထင်ရသည်။ မီးပွိုင့်များကလည်း အချိန်ပိုကြာနေသလို ခံစားနေရသည်။





ဆိုင်ရောက်သွားချိန်တော့ သူမကို ဆိုင်ထောင့်က စားပွဲဝိုင်းမှာ တွေ့ရသည်။ စာအုပ်တစ်အုပ်ကို ဖတ်နေသော သူမကတော့ သူဝင်လာသည်ကို မြင်ဟန်မတူ။

နာရီကိုကြည့်လိုက်တော့ ၁၂ နာရီ ဆယ်မိနစ်။

သူ အားနာနာဖြင့် ဆက်လျှောက်ခဲ့ဖြစ်သည်။ မျက်နှာချင်းဆိုင်ဘာ ထိုင်ခုံကို ဆွဲယူလိုက်တော့မှ သူမက မော့ကြည့်သည်။

“ဪ အစ်ကိုရောက်ပြီလား”

ဟုဆိုသည်။

“ဆောရီး ညီမရယ်… အစ်ကို နောက်ကျသွားတယ်”

သူ ဝင်ထိုင်ရင်း ဆိုဖြစ်သည်။ သူမက နာရီကို ငုံ့ကြည့်ရင်း ပြုံးသည်။ သူမ၏အပြုံးက အပြစ်တင်သောအပြုံးမျိုးမဟုတ်။ ခေါင်းငုံ့တပ်ရန်ခက်သော အပြစ်ကင်းသော အပြုံးမျိုး။ မြင်ရသူအတွက် ကြည်နူးအေးမြမှုကို ပေးသည်။

www.burmeseclassic.com



"ဆယ်မိနစ်လောက် နောက်ကျတာကို နောက်ကျတယ်လို့ သတ်မှတ်လို့မရဘူးပေါ့။ နှင်းက နာရီဝက်လောက် နောက်ကျတာမျိုးကိုမှ နောက်ကျတယ်လို့ သတ်မှတ်တယ်။ လမ်းပိတ်တာနဲ့ ဘာနဲ့ ဖြစ်တတ်တယ်လေ"

"ကျေးဇူးပါဗျာ စိတ်ရှည်ရှည်နဲ့စောင့်ပေးလို့။ ကဲ ဘာစားမလဲ မှာလေ"

"အစ်ကိုမှာပါ နှင်းက ကျွေးမယ့်လူပဲဥစ္စာ"

သူ၏စကားအဆုံးမှာ သူမက ဆိုသည်။

"မဟုတ်တာ။ အစ်ကို ကျွေးမှာပေါ့။ ကားချင်းပွတ်မိသွားတာကို မသိချင်ယောင်ဆောင်ပြီး ထွက်သွားလို့ရရဲ့သားနဲ့ ကားပိုင်ရှင်ကို ခေါ်ပေးပါ။ လျော်ပေးချင်လို့ဆိုပြီး ညီမပြောတာကို ဆိုင်ဝန်ထမ်းက ပြန်ပြောပြတယ်လေ။ အဲဒီစိတ်ဓာတ်ကို ကြားကြားချင်းကတည်းက လေးစားနေတာ။ အဲဒီတော့ လေးလေးစားစားနဲ့ပဲ အစ်ကိုက ကျွေးပါရစေ"

ရှည်လျားစွာ သူ ရှင်းပြဖြစ်သည်။

"မလုပ်ပါနဲ့ အစ်ကိုရယ် နှင်းပဲကျွေးပါရစေ။ နောက်တစ်ခေါက်ကျတော့မှ အစ်ကို ကျွေးတော့။ ကြုံကြိုက်ခဲ့ရင်ပြောတာပါ နှင်းတို့က တနင်္ဂနွေနေ့တိုင်း ဒီဆိုင်မှာနေ့လယ်စာ လာစားတယ်"

သူမစကားကြောင့် သူ့ရင်မှာ အပျော်တို့ ပြည့်နက်ကာသွား



သည်။ ဘာပဲပြောပြော ဆက်ဆံရန် အကြောင်းတို့က အဆင်သင့်ရှိနေသည်ကိုး။

"အစ်ကိုလည်း စနေ၊ တနင်္ဂနွေဆိုရင်တော့ ဒီဆိုင်မှာ လာလာစားတတ်တယ်။ ဒါပေမယ့် အမြဲတော့ မဟုတ်ဘူး"

သူပြုံးပြရင်း ဆိုဖြစ်သည်။ တကယ်လည်း စနေ၊ တနင်္ဂနွေရက်များမှာ ဖြိုးမောင်တို့ သေက်တို့နှင့် လာလာစားနေကြဖြစ်သည်။

"မှာလေ အစ်ကို"

"ညီမပဲ မှာလိုက်ပါ။ အစ်ကိုက အကုန်စားတယ်။ အစ်ကို ရှောင်တဲ့အသားငါး အသီးအရွက် မရှိဘူး။ ဘာမှာမှာ အဆင်ပြေတယ်"

"ဒါဆို နှင်းပဲ မှာလိုက်တော့မယ်။ နှင်းလည်းပဲ အကုန်စားတယ်"

သူမက တစ်ဝက်တစ်ပျက် ပြုံးရင်းဆိုသည်။ ပြီးတော့မှ စားပွဲထိုးကိုခေါ်ကာ စားစရာတို့ကို မှာသည်။

"ညီမမှာတဲ့ အစားအသောက်တွေ အကုန်လုံးက အစ်ကို့ အကြိုက်တွေချည်းပဲဗျ။ လုံးဝကွက်တိပဲ"

"တကယ်"

သူမက မျက်လုံးလေးလှန်ကြည့်ရင်း 'တကယ်' ဟု ကလေးတစ်ယောက်လိုမေးသည်။ သူ ပြုံးကာ ခေါင်းညိတ်ပြဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်းက အိမ်မှာစားရင်လည်း ချဉ်ချဉ်စပ်စပ်တွေ ချက်စားတာများတယ်။ ကိုယ်တိုင်ချက်တဲ့ ဟင်းတိုင်းလိုလို ငရုတ်သီးပါတယ်"

"ဟုတ်လား။ တူသွားပြန်ပြီဗျာ။ အစ်ကိုကလည်း ငရုတ်သီးကြိုက်တယ်။ အိမ်မှာဆိုရင် အစ်မတွေက အမြဲပြောတယ်။ ငရုပ်သီးလျှော့စားဖို့။ တူမလေးဆိုရင် အစ်ကိုစားတဲ့ဟင်းကို သူ မစားနိုင်ဘူး"

"ဪ… အစ်မတွေ တူမတွေနဲ့ နေတာလား"

သူမက မျက်လုံးဝင့်ရင်း မေးသည်။

"ဟုတ်တယ်။ အမေနဲ့အဖေတို့က စင်ကာပူက အစ်မနဲ့ လိုက်နေလိုက် မြန်မာနိုင်ငံပြန်လာလိုက်နဲ့ သွားချည်ပြန်လှည့်ပဲ။ တူမလေးကကျတော့ ကျောင်းတက်တုန်းဆိုတော့ ဒီမှာနေတယ်။ အိမ်မှာ အစ်မအပျိုကြီးနဲ့ တူမနဲ့ အိမ်အကူတစ်ယောက်နဲ့ နေတယ်"

သူ ရှည်လျားစွာ ရှင်းပြဖြစ်သည်။

"တူမလေးက ငယ်သေးလို့လား"

သူမက မေးကြည့်သည်။

"မငယ်တော့ပါဘူး။ တူမလို့သာပြောတာ အစ်မအကြီးဆုံးက မွေးထားတာ။ အစ်ကိုက အစ်မတွေ မွေးပြီးကြာမှ မွေးတာဆိုတော့ အိမ်မှာအငယ်ဆုံးဆိုပေမယ့် တူမနဲ့အစ်ကိုနဲ့က ငါးနှစ်လောက်ပဲကွာတာ။ အိမ်က အစ်မအပျိုကြီးကိုရော အစ်ကို့ကိုရော ဘော်ဒါပေါင်း ပေါင်းတယ် သူက"





"ပျော်စရာကြီးပေါ့၊ တူမကလည်း တစ်ဦးတည်းသော ဦးလေးကို အရမ်းချစ်မှာပဲနော်"

"ဒီလိုပါပဲ"

"အစ်ကို အိမ်ထောင်ကျရင်တောင်မှ သူတို့နဲ့ပဲ နေရမယ်လို့ တူမက အမြဲပြောတယ်။ သူက အမေတွေနဲ့ပဲ ခွဲနေရတာ။ ဦးလေးနဲ့ကျတော့ သိပ်ခွဲဖူးတာ မဟုတ်ဘူး။ တစ်ခါတလေကျတော့လည်း သူက ဆုတောင်းတယ်။ အစ်ကို့ကို လူပျိုကြီးဖြစ်ပါစေတဲ့။ သူ့ကို ခွဲသွားမှာစိုးလို့။ သူတောင်းတဲ့ဆုလည်း ပြည့်မှာပါ။ ဦးလေးဖြစ်သူကလည်း ဂေါ်မစွံလူပျိုကြီးဆိုတော့"

ရှည်လျားစွာဆိုရင်း ရည်းစားမရှိသော လူပျိုကြီးဖြစ်ကြောင်း ထိုပါ ကြော်ငြာကပ်ထည့်သော သူ့စကားအဆုံးမှာ သူမက လက်ခနဲ ရယ်သည်။

သဘောက 'ကြော်ငြာနေပြန်ပြီ' ဆိုသည့်သဘော။

"ဘာဖြစ်လဲ လူပျိုကြီးပဲဖြစ်ဖြစ် အိမ်ထောင်သည်ပဲဖြစ်ဖြစ် ငယ်သူ့ကိုမှ ဒုက္ခမပေးတဲ့ လူ့ပတ်ဝန်းကျင်ကို နိုင်သလောက် ထောက်ပံ့ပြုနေတဲ့ လူဖြစ်ရင်ပြီးတာပါပဲ။ ဒါ… နှင်းအမြင်ပေါ့နော်။ သူငယ်ချင်းတွေကဆို နှင်းကို အမြဲပြောတယ်။ အပျိုကြီး နင်မလျှင်း



www.burmeseclassic.com

www.burmeseclassic.com

ဘူးလားတဲ့ ရည်းစားလည်း မထား၊ အိမ်ထောင်ပြုဖို့လည်း မတွေး
နှင်ဘဝက ပျော်စရာကို မကောင်းဘူးတဲ့။ နှင်းကလည်း ပြန်ပြော
တာပေါ့၊ အိမ်ထောင်ရှိတဲ့ ရည်းစားရှိတဲ့လူတိုင်း ပျော်မနေကြ
သလို… အပျိုကြီးတိုင်းလည်း စိတ်ညစ်မနေ အထီးကျန်မနေပါဘူး
လို့။ သိတယ်မဟုတ်လား ကိုယ်မစွံတာကို လက်မခံဘူး ဖွတ်
မျက်စိမှိတ် ငြင်းတာ"

သူမ၏ ရှည်လျားစွာသော စကားအဆုံးမှာ နှစ်ယောက်သား
ပေါ့ပေါ့ပါးပါးပင် ရယ်ဖြစ်ကြသည်။ အခြားဝိုင်းများ အမြင်မှာတော့
သူတို့နှစ်ယောက်သည် မကြာခဏ တွေ့ဆုံနေကြသည်ဟု ထင်လိမ့်
မည်။

"ဟုတ်တယ်ဗျ လူပျိုကြီး၊ အပျိုကြီးတိုင်း ပြောနေကြစကား
ရှိတယ်။ ငါတို့က မရတာမဟုတ်ဘူး မယူတာဆိုပြီးတော့"

သူ့စကားကိုသူမက "ခေါင်းညိတ်ကာ အရယ်တစ်ဝက်ဖြင့်
'ဟုတ်တယ်'ဟု ဆိုရင်း ထောက်ခံသည်။

"ဟုတ်တယ် တကယ်တမ်းကျတော့ မယူတာ မဟုတ်ဘူး
မရတာ"

ပြောရင်း သူမက ရယ်သည်။ သူပါ ရယ်ဖြစ်သည်။ နှစ်
ယောက်သား အပျိုကြီး၊ လူပျိုကြီးဟု ကိုယ့်ကိုယ်ကို ရည်ညွှန်း
ပြောဆိုနေကြသော်လည်း တကယ်တမ်းကျ နှစ်ယောက်စလုံး





အသက်သုံးဆယ် မပြည့်ကြသေး။ ဒီခေတ်အနေအထားအရ
အသက်သုံးဆယ်ကျော်မှသာ လူပျိုကြီး အပျိုကြီးစာရင်း သွင်းရမည်
ကိုး။

"နှင်းကတော့ ထားပါတော့ အစ်ကိုက ဒီလောက်ထိ ရုပ်
ဖြောင့်နေတာကို မစွံဘူးဆိုတော့ တစ်ခုခုတော့ တစ်ခုခုပဲ"

သူမက 'မယုံပေါင်'ဆိုသော အကြည့်မျိုးနှင့် ကြည့်ကာဆို
သည်။

"ရည်းစားတွေတော့ ထားတာပဲဗျ၊ အစ်မက သဘောမကျ
တာနဲ့ တူမက သဘော မတွေ့ရတာနဲ့၊ နောက် အကြောင်းကြောင်း
ကြောင့်ပေါ့ဗျာ ပြတ်ကုန်တာ။ ဒီလိုနဲ့ ရည်းစား မထားဖြစ်တာ
တောင် ကြာပြီ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ အစ်ကို့ကို ရုပ်ဖြောင့်တယ်
ပြောလို့ ဒီတစ်ခါတော့ အစ်ကိုရှင်းမှ ဖြစ်တော့မယ် ထင်တယ်"

အရယ်တစ်ဝက်ဖြင့် ရှက်ဝဲဝဲဆိုသော သူ့စကားကြောင့် သူမ
ပါ 'နှင်းရှင်းမှာပါ'ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"နှင်းရှင်းမှာပါ မဟုတ်ရင် အကြွေးတင်နေသလိုဖြစ်နေမှာ"

"အစ်ကို့ကိုသာ ပြောနေတာ နှင်းကရော မင်္ဂလာဖိတ်စာ
ဝေယ်တော့ပို့မလဲ"

သူ တမင်ပင် ဒဲ့မေးဖြစ်သည်။ စောစောက သူမပြောသော
စကားမှာ ရည်းစားမရှိဟုဆိုသော်လည်း ပိုသေချာအောင် အတည်

www.burmeseclassic.com

www.burmeseclassic.com



ပြုသည့်သဘော။

"မင်္ဂလာဖိတ်စာလား အဝေးကြီး ရှိပါသေးတယ်"

နှင်းကစကားကို ခဏရပ်ကာထားသည်။ ပြီးတော့မှ ပခုံးကို တွန့်သည်။

"ရည်းစားတောင် မရှိတဲ့ ဥစ္စာ"

"ဝမ်းသာတယ်ဗျာ"

"ရှင်"

ရုတ်တရက်ကြီး လွတ်ခနဲဆိုသော သူ့စကားကြောင့် သူမက ကြောင်သွားကာ 'ရှင်'ဟုဆိုသည်။

"မဟုတ်ဘူး။ ဝမ်းသာတယ်ဆိုတာက ကိုယ်နဲ့ဘဝတူတွေ ဖြစ်ပြီး ခင်ရလို့ ဝမ်းသာတယ်လို့ ပြောချင်တာ စကားပြော လော သွားလို့"

"သြော်..."

သူမ၏ 'သြော်'က သိနေတယ်ဆိုသော သဘောသက်ရောက် သလိုလိုတော့ ရှိသည်။ အစားအသောက်များ ရောက်လာသည်မို့ နှစ်ယောက်သားစကား ပြတ်သွားကြသည်။ တစ်ယောက်တစ်လှည့် 'ထည့်စားလေ'ဟုဆိုရင်း အပြန်အလှန် ဟင်းထည့်ပေးကြရင်း သူ့ ရင်ထဲမှာတော့ အပျော်တွေချည်းသာ စီးမြောနေသည်။

"ရည်းစားတောင်မရှိဘူး"ဆိုသော သူမစကားကို အံ့တော့ အံ့သြမိသည်။ သူမလည်းပဲ သူ့လိုပင် 'ဖြစ်ပျက်' ရည်းစားတွေပဲ များခဲ့သလား။ သို့တည်းမဟုတ် 'အရွေးလွန်ကာ သေးလွန်းတော့ မလှ ရွေးလွန်းတော့မရ' ဆိုသလို ရည်းစားမရဖြစ်နေသည်လား မသိ။ ဘာပဲပြောပြော ဒီနေ့အဖို့တော့ သူ့အတွက် ပျော်ရွှင်ခြင်း များစွာ ဆောင်ကြဉ်းလာတာကတော့ အမှန်။







www.burmeseclassic.com

www.burmeseclassic.com

"နေ့လယ်စာအတွက် ကျေးဇူးကမ္ဘာပါဗျာ"

"ဟုတ်"

သူပို့လိုက်သော Messgae ကို သူမက တစ်လုံးတည်း ပြန်ပို့ကာလာသည်။ 'ဟုတ်'ဟူ၍။ ဘာပဲပြောပြော ချစ်စရာတော့ ကောင်းသည်ပဲလေဟု သူတွေးဖြစ်သည်။ နောက်ထပ် Message ထပ်ပို့ဖြစ်သည်။

"နောက်တစ်ခါဆို အစ်ကိုရှင်းမယ်နော်"

"ဟုတ်"

'ဟုတ်'ဆိုသော စကားလုံးကိုပင် သူမက ပြန်ပို့လာသည်။ ဘာရယ်မဟုတ် သူပြုံးဖြစ်သည်။ တကယ်တမ်းကျ Message ပို့ရုံ သာမက အထင်များသေးသွားမလားဟု တစ်ဖက်မှာက အထင်သေး မည်ကို စိုးရိမ်မိသလို တစ်ဖက်ကကျတော့လည်း သူမ၏ အသံလေး ကို ကြားချင်မိပြန်သည်။ ဘာရယ်မဟုတ် သူမပေးခဲ့ဖူးသော သူမ၏





လိပ်စာကဒ်ကို ပြန်ကြည့်ဖြစ်သည်။ သူမက အီလက်တရောနစ် ပစ္စည်းဆိုင် GM မို့ TV တစ်လုံးလောက် အားပေးလိုက်ရင် ကောင်း မလားဟု တွေးမိပြန်သည်။

"TV တစ်လုံးလောက် ဝယ်ချင်တယ် ဈေးလျှော့ပေးမှာ လား"

"ဟုတ်"

သူ ထပ်မံပို့လိုက်သော Message ကို သူမက ထုံးစံအတိုင်း 'ဟုတ်'ဟု ပြန်ပို့ကာလာသည်။ သူ့ စိတ်တွေ ထိန်းမရတော့။

"ဖုန်းခဏပြောချင်တယ် ရလား"

ဟု သူ Messgae ပို့ဖြစ်ပြန်သည်။ သူမဆီက Messgae က 'ဟုတ်'ဟု ပြန်ဝင်လာသည်။

သူမကတော့ ရိုးရာမပျက်ပင် 'ဟုတ်'တစ်လုံးနှင့် အလုပ်ဖြစ် ကာနေသည်။ ဘာရယ်မဟုတ် သူ ပျော်သွားသည်။

အကြောင်းရှာကာ ဖုန်းဆက်ခွင့်ရပြီကိုး။ သူမ၏ဖုန်းကို ခပ်သွက်သွက် ခေါ်ဖြစ်သည်။

"ဟဲလို"

သူမ၏ ချိုသာသောအသံကို ကြားရသည်။

"အနှောင့်အယှက်ဖြစ်သွားလား ညီမလေး"

"ရပါတယ်။ TV ဝယ်မယ့်သူဆိုတော့ စီးပွားရေးအရ ပြောမှ


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ့်လေ အစ်ကိုရ ဟုတ်တယ်ဟုတ်"

သူမက ပါးနပ်စွာပင် 'ဟုတ်တယ်ဟုတ်'ဟု ဆိုသည်။ 'ဟုတ်'ဟု သူ လွတ်ခနဲ ပြောထွက်သွားသည်။ သူမဘက်က ရယ်သံကို ရင်ခုန်စွာ ကြားရသည်။ သူမ သုံးစွဲတတ်လွန်းသော 'ဟုတ်'သည် 'သူ့နှုတ်ဖျားမှာတောင် မသိစိတ်ဖြင့် လာစွဲကာနေသည်ကိုး'ဟု တွေးမိသည်။

"TV က ဘယ်လိုပုံစံကို လိုချင်တာလဲ"

"လက်ရှိ ညီမဆိုင်မှာ ရှိနေတဲ့အထဲက နောက်ဆုံးပေါ်ပေါ့ဗျာ။ အစ်ကို့အခန်းထဲမှာ ထားဖို့ပါ။ နည်းနည်းကောင်းကောင်းလေး"

သူ ခုတင်ပေါ်မှောက်ရင်း ဆိုဖြစ်သည်။

"အင်း… လူပျိုကြီးဆိုတော့ ဂျီးများမှာပေါ့။ ဒီမှာကလည်း ရွေးစရာတော့ များပါတယ်။ နောက်ဆုံးပေါ် TV ကိုပဲ တံဆိပ်စုံ ဒီဇိုင်းစုံရှိတယ်။ ပြောပြရရင် အများကြီးပဲဆိုတော့ ဆိုင်ရောက်မှပဲ ကြည့်ရွေးလိုက်ပါလား"

"ဟုတ်ပါပြီ အပျိုကြီးရယ် ကျေးဇူးပါဗျာ"

သူ့ကို လူပျိုကြီးဟု ညစ်ကျယ်ကျယ်ဆိုသော သူမကို အပျိုကြီး ဟု ပြန်၍ဆိုဖြစ်သည်။

"လူပျိုကြီးတွေက လူပျိုကြီးခေါ်ရင် မကြိုက်ကြဘူးတော့"

သူမက ခပ်ရိရိ ဆိုပြန်သည်။ ပြီးတော့ ခပ်သဲ့သဲ့ ရယ်သည်။





"အင်း အပျိုကြီးတွေကလည်း အပျိုကြီးခေါ်ရင် သိပ်စိတ်ဆိုးကြတယ်ထင်တယ်နော်…"

ဟု သူပြန်၍ဆိုဖြစ်သည်။

"နှင်းတို့ကျတော့ အပျိုကြီးလို့ခေါ်တာကို သဘောကျတယ်။ စိတ်ထဲမှာ ပိုတောင်ဂုဏ်ရှိသွားသလို ခံစားရတယ်"

"တကယ်လားဗျ၊ အသံတွေ တုန်နေသလားလို့"

"တကယ်ပေါ့ရှင်၊ အပျိုကြီးဆိုတဲ့ဂုဏ်က နည်းတဲ့ဂုဏ်လား" ဘာရယ်မဟုတ် သူ ခပ်တိုးတိုးရယ်ဖြစ်သည်။

"ဒါဆို မနက်ဖြန် ဆိုင်လာရင်… အပျိုကြီးလို့ပဲခေါ်မှာနော်။ နောက်တော့မှ စိတ်မဆိုးနဲ့နော်"

"ဟီး… အဲဒါတော့မရဘူး။ ဆိုင်က ဝန်ထမ်းတွေက နဂိုကတည်းက ကွယ်ရာမှာ ခိုးခိုးခေါ်နေကြတာ။ ဒီလိုလုပ်လေ… နှင်းတို့ အခေါ်အဝေါ်လေးတွေ ညှိရအောင်။ အစ်ကိုက ညီမ၊ ညီမနဲ့ မခေါ်ပဲနဲ့ နှင်းလို့ပဲခေါ်ပါ။ ညီမလို့ အခေါ်ခံရတာ တစ်မျိုးကြီးပဲ။ နှင်းလို့ပဲ အားလုံးကလည်း ခေါ်ကြတော့၊ အဲဒီလိုခေါ်တာကို ပိုကြိုက်တယ်"

"ကောင်းပါပြီဗျာ ဒါဆိုအစ်ကို့ကိုလည်း သူများတွေခေါ်သလို ကိုမင်းလို့ပဲခေါ်ပေါ့ဗျာ။ ညီမက အဲ… နှင်းက အစ်ကို့ကို 'ကိုမင်းသူရဇော်'လို့ နာမည်ကြီး အပြည့်အစုံခေါ်တော့ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို အသက်သိပ်ကြီးသွားသလို ခံစားရတယ်”

“ကိုမင်းလို့တော့ မခေါ်ချင်ပါဘူး”

သူ့စကားအဆုံးမှာ သူမက ညစ်ကျယ်ကျယ်ဆိုသည်။ ပြီးတော့ ‘ကိုမင်းသူရဇော်လို့ ခေါ်ရတာကို ပိုကြိုက်တယ်’ဟု ဆက်ပြောကာ တခစ်ခစ်ရယ်သည်။ တမင်နောက်နေမှန်းသိသည်မို့ သူ ဟက်ခနဲ ရယ်ဖြစ်သည်။

“ကိုမင်းသူရဇော်ကို ကိုမင်းလို့ မခေါ်လို့ဆိုပြီးတော့ TV လာမဝယ်ဘဲ မနေနဲ့နော် ‘ကိုမင်းသူရဇော်’အနေနဲ့ မနက်ဖြန် လာဝယ်ရင် Discount ပေးတဲ့ နောက်ဆုံးရက်ကလေး မီသွားတော့ နှင်းလည်း အထူးတလည် ဈေးလျှော့ပေးစရာ မလိုတော့ဘူးပေါ့ ဟုတ်တယ် ဟုတ်”

“ဘာလဲ Discount ချတဲ့ရက်ကျော်သွားရင် လျှော့မပေးတော့ ဘူးဆိုတဲ့ သဘောလားဗျ။ GM က ကပ်စီးနည်းလှချည်လား”

“ကိုမင်းသူရဇော်တို့လို သူဌေးမှ မဟုတ်တာရှင့်။ နှင်းတို့က လစာနည်းတဲ့ ဝန်ထမ်းဆိုတော့ ကုမ္ပဏီကပေးတဲ့ ဈေးထက် ပိုလျှော့ပေးပိုင်ခွင့် မရှိဘူးလေ။ တော်ကြာ ဈေးပိုလျှော့ပေးလို့ အလုပ်ထုတ်ခံရရင် နှင်းတို့မိသားစုက နှင်းရဲ့ရှိစုမဲ့စုဝင်ငွေလေးနဲ့ ရပ်တည်နေရတာလေ မိသားစုတစ်ခုလုံးဘဝပါ ပျက်သွားမှာပေါ့ ကိုမင်းသူရဇော်ရဲ့ ဟုတ်တယ်နော်”





သူမ၏စကားကို သူရယ်ဖြစ်သည်။

“ကိုယ် အရှုံးပေးပါတယ် နှင်းရယ်။ ခေါ်ချင်သလိုသာ ခေါ်ပါတော့ဗျာ။ TV ကိုလည်း သတ်မှတ်ဈေးအတိုင်းပဲ ဝယ်ပါ့မယ်ဗျာ။ ကဲ Good Night ပါဗျာ”

စကားပြောနေသည်မှာလည်း အတန်ကြာနေပြီမို့ သူနှုတ်ဆက်ဖြစ်သည်။ သူမက ‘ဟုတ်… Good Night ကိုမင်းသူရဇော်’ဟု တမင် ကလိသွားသေးသည်။ ဘာရယ်မဟုတ် သူကြည်နူးစွာ ပြုံးဖြစ်သည်။ အိပ်မက်လှလှမက်ပါစေ နှင်း။

www.burmeseclassic.com

www.burmeseclassic.com



Tell the truth and try to escape.

အမှန်တရားကိုပြော၍ ထွက်ပြေးနိုင်အောင် ကြိုးစားပါ။

Russian Proverb.

ဝတ္ထုနှင့်စံပယ်က ထိုင်းကို အလုပ်ကိစ္စဖြင့် သွားသည်။ ဒီတစ်ခေါက်ဆုံသော ဝိုင်းက ဘော်ဒါတွေ မစုံ။ သူပြောပြသော 'နှင်း'နှင့် သူ့အကြောင်းကို သေက်နှင့်ဖြိုးမောင်က စိတ်ဝင်တစားစားထောင်ကာနေသည်။

"ရုရှားစကားပုံတစ်ခုရှိတယ်။ အမှန်တရားကို ပြောပြီးရင် ထွက်ပြေးနိုင်အောင် ကြိုးစားပါတဲ့"

သေက်က ဆရာကြီးအထာဖြင့် ဆိုသည်။ ဖြိုးမောင်ကတော့ ထုံးစံအတိုင်း ဆံပင်ကိုခပ်နွဲ့နွဲ့ပင့်သပ်တင်ရင်း သေက်ကို မျက်စောင်းထိုးသည်။

"ကောင်မရယ် ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့။ ပြောချင်တာကို ဒဲ့ပြောစမ်းပါဟယ်။ ဘာပြောချင်တာလဲ ရှင်းရှင်းပြောအေ"

ယောကျ်ားစိတ်ဝင်ကာ ယောကျ်ားလေးလို နေထိုင်ပြောဆိုသာသေက်က 'ကောင်မရယ်'ဟု အပြောခံရသောအခါ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးရှုံ့မဲ့ကာ သွားသည်။ ပြီးတော့ 'ဖြိုးမောင်'၏ နားထင်ကို လက်ညှိုးဖြင့်လှမ်းကာ တွန်းသည်။

"ငါ့ကို ကောင်မ… ကောင်မနဲ့ မပြောနဲ့လို့ ဘယ်နှခါ ပြောရမလဲ သားကြီး။ ငါတင်းလာပြီနော် ကိုင်ထည့်ပစ်လိုက်မယ်"

လက်သီးဆုပ်ပြရင်း ခပ်တင်းတင်း ပြောဆိုသည်။

"အမယ်လေး ထိကြည့်လိုက်စမ်းဘာ။ ငါ့ကို ဘာကောင်မ ထင်နေတုန်း"

ဖြိုးမောင်ကလည်း ဘယ်လက်ဖဝါးပေါ် ညာလက်ဖဝါး တဖြန်းဖြန်းရိုက်ကာ ရင်ဘတ်ကို ခပ်နွဲ့နွဲ့ပင် ရှေ့သို့ကော့ရင်း ဆိုသည်။

"မင်းတို့ နှစ်ကောင် တော်ကြစမ်း။ ဝဏ္ဏတို့ လင်မယား ပြောသလိုပဲ ပေးစားပစ်မှပဲ တည့်တော့မယ်ထင်တယ်။ အမြဲတမ်း ရန်ဖြစ်နေတာပဲကွာ။ အာရုံနောက်တယ် ပြောလက်စတောင် ဘယ် ရောက်မှန်းမသိတော့ဘူး"

သူဒီနှစ်ကောင်ကြားကို စိတ်တိုတိုဖြင့် ဝင်၍ဆိုဖြစ်သည်။ သူ အမှန်တကယ် ဒေါကန်နေမှန်းသိသည်မို့ နှစ်ယောက်စလုံးက နှုတ်ပိတ်သွားကြသော်လည်း တစ်ယောက်ကိုတစ်ယောက် မကြည့် ကြည့် ဂျိုကြည့်တွေ ကြည့်နေကြသည်။

"ပြောချင်တာကတော့ကွာ… မင်းချစ်နေတာကို သိပ်မြို့သိပ်





တားမနေနဲ့။ ဒီလိုအင်တာနက်ခေတ် ဒိုးပျံခေတ်ကြီးမှာ ချစ်ရင် ချစ်တယ် မြန်မြန်ပြော၊ အမှန်တရားကိုပြောပြီးရင် ထွက်ပြေး နိုင်အောင် ကြိုးစားပါ'ဆိုတဲ့ ရုရှားစကားပုံလိုပဲ။ ပြောစရာရှိတာ ပြော ရည်းစားစကားပြောလိုက်လို့ ဟိုဘက်က အခြေအနေက ခါးခါးသီးသီး တစ်မျိုးပြောင်းသွားရင်လည်း ဆက်လှုပ်ရှားမနေနဲ့။ နောက်တစ်ယောက်ပြောင်းပြီး ပြေးချစ်နိုင်အောင် ကြိုးစားလို့ ပြော နေတာ"

သက်က ရှည်လျားစွာ ဆိုသည်။

"ဘာမှလည်း မဆိုင်ဘူး"

သက်၏စကားအဆုံးမှာ ဖြိုးမောင်က ရှုံ့မဲ့ရင်း မကြားတကြား ဆိုသည်။ သက်ကဖြိုးမောင်ကို 'လျှာမရှည်နဲ့'ဟူသော သဘော ဖြင့် ခပ်ထန်ထန်ပင်ဘုကြည့် လှမ်းကြည့်သည်။ ဖြိုးမောင်ကလည်း ခပ်နွဲ့နွဲ့ကြားကပင် ဘုရှိုးပြန်ရှိုးသည်။

"ကဲ… မင်းတို့နှစ်ယောက်ကလည်းနော် စကားသုံးခွန်း ဆက် ပြည့်အောင် မပြောရသေးဘူး ငြင်းဖို့ ရှေ့ဆုံးကပဲ။ တော်ပြီ ပါပဲ ပြောတော့မယ်။ မင်းတို့ မပြောတော့နဲ့"

သူ ဒေါကန်ကန်ဖြင့် ဆိုဖြစ်သည်။

"ဒီမှာ မုဒ်အပြည့်နဲ့ ပြောနေတာတွေတောင် ဘယ်ရောက် သွားမှန်းမသိဘူး။ ဘာပဲပြောပြောပါ မင်းတို့ပြောသလိုပဲ ငါ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ချီတက်မယ်။ ချစ်လို့ချစ်တယ်ပြောတာပဲကွာ ရဲရဲကြီးပြောဖြစ်အောင်ပြောရမှာပေါ့။ ပြန်ချစ်တာမချစ်တာ။ စိတ်ဆိုးတာမဆိုးတာ သူ့အပိုင်းပဲ။ အမြန်ဆုံးပြောနိုင်အောင် ကြိုးစားမယ်ကွာ။ ကဲ ဘယ်လိုသဘောရလဲ သူငယ်ချင်းတို့"

သူ သကောင့်သားနှစ်ကောင်ကို မျက်ခုံးပင့်ရင်း မေးဖြစ်သည်။

"သူငယ်ချင်း Fighting"

"Fighting"

သေက်က လက်သီးဆုပ်ရင်း 'Fighting' ဟုဆိုသည်။ သူနှင့်ဖြိုးမောင်ကပါ 'Fighting' ဟု လိုက်ဆိုဖြစ်သည်။

ကိုယ်ချစ်သောသူကို ချစ်သည်ဟု ဆိုလိုက်ခြင်းက အဖြေတစ်ခုဆိုလျှင်လည်း ၄င်းအပြစ်ဒဏ်ကို သူ ရဲရဲကြီးခံမည်ဟု တွေးဖြစ်သည်။ ချစ်ရပါသည် နှင်း…။

သူမ GM လုပ်သော Show Room သို့ရောက်သောအခါ သူမနှင့်အတူ သူမ၏ဦးလေးလား ဘာလားမသိသော ဥပမိရုပ်ကောင်းကောင်းနှင့် ဦးလေးကြီးတစ်ယောက်ကို တွေ့ရသည်။ သူဝင်လာသည်ကို သူမက မမြင်၊ သူမတို့ရှိရာဆီကို သူလျှောက်သွားဖြစ်သည်။

"နှင်း"

သူခေါ်လိုက်သောအခါ သူမက ချာခနဲ လှည့်ကြည့်သည်။

"သြော် ကိုမင်း"

လွှတ်ခနဲ သူမက 'ကိုမင်း' ဟု ရေရွတ်သည်။ ဘာရယ်မဟုတ်ရင်ထဲမှာတော့ နွေးခနဲဖြစ်ကာသွားသည်။

"သူငယ်ချင်းတွေလား"

သူမ၏ဘေးမှ ဦးလေးကြီးက မေးကြည့်သည်။ သူမက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဖေဖေ။ သူက ကိုမင်းသူရဇော်တဲ့။ ဒါ နှင်းရဲ့ဖေဖေ လေ။ ဖေဖေ့နာမည်က ဦးကျော်ဝင်း"

"ဩော် ဟုတ်ကဲ့ပါဦး။ တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ"

သူပြုံးပြရင်း ခပ်သွက်သွက်ပင် နှုတ်ဆက်ဖြစ်သည်။

"အေး၊ ဒါနဲ့ သားက အခု ဘာအလုပ်လုပ်လဲကွဲ့"

"စစ်လားဆေးလားနဲ့ သမက်ရွေးတော့မှာလား"

ဟု သူခပ် ချဉ်ချဉ်တွေးမိသည်။ သူမကတော့ အားနာဟန်ဖြင့် လှမ်းကာကြည့်သည်။

"မြေယာ အကျိုးဆောင်ကုမ္ပဏီ ဖွင့်ထားပါတယ်ခင်ဗျာ။ မြေတွေကိုယ်တိုင်လည်း ဝယ်ရောင်းလုပ်သလို အခြားပိုင်ရှင်တွေရဲ့ မြေတွေကိုလည်း ရောင်းတာဝယ်တာ အကျိုးဆောင်ပေးပါတယ် ခင်ဗျာ။ နောက်… မေမေတို့လက်ထက်ကတည်းက လုပ်လာတဲ့ ရတနာအရောင်းဆိုင်ကိုလည်း မိသားစုလုပ်ငန်းဆိုတော့ ဝင်လုပ် ပေးရပါတယ်ခင်ဗျာ"

"ကြည့်စမ်း"

သူ့စကားအဆုံးမှာ နှင်း၏ဖေဖေက 'ကြည့်စမ်း' ဟု အားရွှရွှ ရေရွတ်သည်။ ပြီးတော့ သူမဘက် လှည့်သည်။

"တွေ့လား သူ့ငယ်ချင်းတွေက ကိုယ်ပိုင်လုပ်ငန်းအပြင် မိဘ လုပ်ငန်းကိုပါ ဦးစီးလုပ်ကိုင်ပေးနေတယ်။ ကြည့်စမ်း ဘယ်လောက်







တောင် တော်လဲ"

သူမကိုကြည့်ကာ ဆိုနေသော်လည်း သူမကတော့ မျက်နှာကြက် ကိုပဲ မော့ကြည့်သလိုလို ဘာလိုလိုနှင့် မကြားချင်ယောင် လုပ်သည်။

"မင်းကတော့ တော်တယ်ကွာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ် တွေလုပ်နေတာ။ မင်းသူငယ်ချင်း 'နှင်းရတီ' ကတော့လေ…"

"ဖေဖေ…"

သူမက သူမဖေဖေ၏စကားမဆုံးခင် ဖြတ်ကာဆိုသည်။ ဦးလေးကြီးက 'ဟော့' ဟု ယောင်ကာထူးပြီးမှ 'ပြော ဘာလဲ' ဟုဆို သည်။

"သူငယ်ချင်းတွေရဲ့ ရှေ့မှာ သမီးအကြောင်း မကောင်းတာ မပြောကြေး"

သူမက ကလေးတစ်ယောက်လို ဆိုသည်။ ချစ်စရာ ကောင်း လွန်းသည်မို့ သူရင်တွေတောင် နွေးလိုက်အေးလိုက် ဖြစ်ကာနေ သည်။

"မကောင်းကြောင်း မပြောပါဘူး။ အကောင်းပဲ ပြောမှာပါ။ ဒီလိုသားရေ၊ သူလုပ်ချင်တယ်ဆိုတဲ့ လုပ်ငန်းကိုပဲ ဦးတို့က တည် ထောင်ပေးလိုက်ရတာ၊ ဆိုင်ကို ပုံမှန်လာဖို့ကျတော့ နောက်က တွန်းနေရတယ်။ သူ့အကြောင်းတွေ… သားတို့ကို ပြောမပြဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီး၏စကားအဆုံးမှာ သူ သူမကို ပြုံးကာ ပြဖြစ်သည်။

"ပြောပြပါတယ်ဦး…"

ဖွင့်ဝင်ပြီမို့ မနေညက သူမပြောထားသည်တို့ကို ပြန်ပြောပြကာ အချွန်နှင့်မဖို့ သူ ဆုံးဖြတ်လိုက်သည်။ သူမက ရိပ်မိသည်ထင်။ သူမက ဖေဖေမမြင်အောင် ခေါင်းကို အလန့်တကြား ခါပြသည်။ မပြောနှင့်ဆိုသည့်သဘော။ သို့သော်သူ အစွမ်းကုန်ရယ်ပြလိုက်သည်။

"သူပြောပြောနေတာကတော့ သူ့ရဲ့ မဖြစ်စလောက် ရှိစုမဲ့စုဝင်ငွေလေးနဲ့ မိသားစုက ရပ်တည်နေရတယ် သူက ဒီဆိုင်ရဲ့ဝန်ထမ်းဆိုလားပဲခင်ဗျာ"

"ဘာ…"

သူ့စကားအဆုံးမှာ သူမ၏အဖေက 'ဘာ'ဟု ရေရွတ်ရင်း သူမဘက် လှည့်ကြည့်သည်။ သူမက ဇက်ကို ပုကာထားသည်။

"အဲဒီလိုပဲ သူငယ်ချင်းတွေကို ပြောထားလို့မှတ်ထားတယ်ပေါ့။ ဒီလို Show Room အကြီးကြီးဖွင့်ထားပေးတာကိုတောင် အဲဒီလိုပဲ ပြောတယ်ပေါ့ ဟုတ်လား သမီး"

"အဲဒါကလေ… သမီးက နောက်… နောက်တာ… ဟီး"

"ဟေး ရုံးခန်းထဲ လိုက်ခဲ့။ ကဲ သား… ဝယ်စရာရှိတာဆက်ဝယ် သားရဲ့သူငယ်ချင်းကို ဦး ဆုံးမလိုက်ဦးမယ်။ ဟုတ်ပြီလား"

"ဟုတ်ကဲ့… ဦးခင်ဗျာ"

မျက်စိပျက်မျက်နှာပျက်ဖြင့် သူမ၏အဖေနောက်လိုက်သွားသော သူမက သူ့ကို လက်သီးဆုပ်ပြကာ သွားသည်။ သူကတော့ အစွမ်းကုန် ရယ်လို့သာ ပြဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ TV ဝယ်တာ ပျော်တယ်ဗျာ။

"ဒီနေ့ ဝယ်ခဲ့တဲ့ TV က ကမ္ဘာပေါ်မှာ အရသာအရှိဆုံးပဲဗျာ ဟီး"

ညပိုင်းမှာတော့ ပြောင်စပ်စပ် ရှိလှသော Messgae တစ်စောင် သူမဆီ ပို့ဖြစ်သည်။ သိပ်မကြာခင်မှာ သူမဆီက Messgae ပြန်ရောက်လာသည်။

"TV ဝယ်ရလို့ ပျော်နေတာသေချာလား"

ဟူ၍။

"ဟုတ်"

ဟု သူစာပြန်ရိုက်ကာ စဖြစ်သည်။

'ဟုတ်'ဆိုတာ သူမသုံးနေကြကိုး။

"မသိပါဘူး… သူများမိသားစုကြားမှာ အချွန်နဲ့ ဝင်မ,ရလို့ ပျော်နေတာလားလို့။ ကိုမင်းသူရဇော်ကို စိတ်ဆိုးတယ်"



"ဟောဗျာ ဘာလို့တုံးဗျာ"

သူတမင် မသိချင်ယောင်ဆောင်က Messgae ပြန်ပို့ဖြစ်သည်။

"သြော် ရှုးချင်ယောင်ဆောင်တယ်ပေါ့။ ဖေဖေ နှင်းကိုဆူတာ တစ်နာရီလောက် ကြာတယ်။ ဘဝမှာ အကြာဆုံး အဆူခံရခြင်းပဲ။ အဲဒါ ရှင့်ကြောင့်"

"ပျော်တယ်ဗျာ TV ဝယ်ရတာကို ပြောတာနော်"

"ရယ်တယ်ပေါ့"

သူမက 'ရယ်တယ်ပေါ့'ဟု Messgae ပြန်ပို့လာသည်။

"နောက်တာပါကွာ Sorry နော်။ စိတ်မဆိုးတော့နဲ့"

"ဆိုးတယ်"

"ဘာပြန်လုပ်ပေးရမလဲပြော"

"ဘာမှပြန်မလုပ်ပေးနဲ့ ဖုန်းပိတ်တော့မယ် ဒါပဲ"

သူမက နောက်ဆုံး Message ကိုပို့ကာ ဖုန်းပိတ်သွားသည်။ Message မပို့ဘဲ ဖုန်းခေါ်ကြည့်သောကြောင့် ဖုန်းပိတ်ထားမှန်း သိရခြင်း ဖြစ်သည်။ အတည်ကြီး စိတ်ဆိုးသွားသလားဟု တွေးကာ နည်းနည်းတော့ စိတ်ပူသွားမိသည်။ ကလေးတစ်ယောက်လို နွဲ့ဆိုးဆိုးတတ်ပုံရသော သူမအကြောင်းတွေးလိုက်သောအခါ ရင်ခုန်သံတို့က မှုမမှန်တော့။ သူ Message တစ်စောင် ပို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"Good Night နှင်း အိပ်မက်လှလှမက်ပါစေဗျာ"

မနက် သူမ ဖုန်းဖွင့်သောအခါ သူပို့ထားသော Message ကို သူမ ဖတ်ရပါလိမ့်မည်။ စိတ်ဆိုးပြေပါစေ… နှင်း။





မနက် မျက်လုံးနှစ်လုံးဖွင့်ကာ နိုးထချိန်ကစလို့ နှင်းကိုသာ အရင်ဆုံး သတိရသည်။ နှင်းတစ်ယောက် နိုးပြီလားမသိ။

"နိုးပြီလား"

သူမဆီ Messgae တစ်စောင် လှမ်းပို့ဖြစ်သည်။ မနေ့ညက ပိတ်ထားသော နှင်း၏ဖုန်းက ဖွင့်မဖွင့် မသေချာသေး။ သို့သော် နှင်းဆီက Messgae ပြန်ရောက်ကာလာသည်။

"အိပ်နေတယ်"

ရွှဲကာ ပြန်ပို့သော သူမ၏ Message ကိုဖတ်ရင်း သူပြုံးဖြစ်သည်။

"ဩ… အိပ်နေတုန်းလားဗျာ အိပ်မက်လှလှမက်ပါစေဗျာ"

သူ ရွတ်နောက်နောက်ပင် ပြန်ပို့ဖြစ်သည်။

"တော်တော်ကြီးကိုလှတဲ့ အိပ်မက် မက်နေတာရှင့်။ သူများ သားအဖကြားမှာ အချွန်နဲ့ဝင်မတဲ့ လူတစ်ယောက်ကြောင့် အဖေက စိတ်ဆိုးပြီး ကျွန်မကိုဆူနေတဲ့ အိပ်မက်ပေါ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပို့လာသော သူမ၏ Messgae ကိုဖတ်ရင်း ဟက်ခနဲ သူရယ်ဖြစ်သည်။ ရွှဲနေသောသူမသာ အနားမှာရှိရင် သူမ၏ခေါင်းကို သူခပ်ဖွဖွလေး ပွတ်ပေးမိမည်ထင်သည်။

"ထတော့လေ"ဟု သူ Messgae တစ်စောင်ထပ်ပို့ဖြစ်သည်။

"နိုးတာကြာပေါ့။ ဘုရားတောင်ရှိခိုးပြီးလို့ မနက်စာတောင်စားနေပြီ။ ဖေဖေမနိုးခင် အလုပ်သွားမလို့။ မဟုတ်လို့ကတော့ မနေ့ကကိစ္စကို ပြန်ဖော်ပြီး ဆူဦးမှာသူက"

သူမက Messgae အရှည်ကြီး ပြန်ပို့သည်။ ဒီလိုကျတော့ သူ စိတ်မကောင်း။ 'Sorry ပါဗျာ'ဟု ပို့ဖြစ်သည်။ သူမက ချက်ချင်းပင် 'စိတ်ထဲမှာတော့ ကြိတ်ပျော်နေတယ်မဟုတ်လား'ဟု ပြန်ပို့သည်။

"ဟောဗျာ… မပျော်ပါဘူး။ တကယ့်ကို စိတ်မကောင်းဖြစ်နေတာ"

"ထားပါတော့။ စောစောစီးစီး အလုပ်သွားပြီ။ တာ့တာ"

သူမက အပြီးသတ် Messgae ကိုပို့သည်မို့ သူငေါင်တောင်တောင်ပင် ကျန်ခဲ့သည်။ စောစောစီးစီး အလုပ်သွားမည့် သူမအကြောင်းတွေးမိပြန်တော့ စိတ်ထဲမကောင်း။ ဘာရယ်မဟုတ်ပခုံးကို တွန့်ဖြစ်သည်။





အချိန်တွေကြာလာသည်နှင့်အမျှ အပြန်အလှန် Messgae ပို့ကြရင်း ဖုန်းတွေပြောကြရင်း ဆိုင်မှာ မကြာခဏ ဆုံကြရင်းဖြင့် ရင်းနှီးမှုတွေ ပိုလာသည်ကတော့ အမှန်ပဲဖြစ်သည်။ သူမ၏ သူငယ်ချင်းအချို့နဲ့ပါ သူ ခင်မင်လာသလို သူ၏ ဘော်ဒါများနှင့်လည်း သူမ မျက်မှန်းတမ်းမိလာသည်။ ဆိုင်မှာ အတူဆုံဖြစ်ချိန်တွေ ပိုလာသလို တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ပို့ကြသော Messgae စောင်ရေတွေ အရေအတွက် ပိုလာသည်။ အခုလည်း ဆိုင်မှာ သူနှင့်နှင်း ဆုံဖြစ်ကြသည်။

"ကိုမင်းရဲ့ ဟိုသူငယ်ချင်းနှစ်ယောက်က ရယ်ရတယ်နော်တစ်ယောက်က ယောကျ်ားလိုနေတဲ့ မိန်းမ။ နောက်တစ်ယောက်ကကျတော့ ယောကျ်ားဖြစ်နေပြီး မိန်းမလို နွဲ့နေတဲ့ယောကျ်ား။ သူတို့နှစ်ယောက်က အမြဲလည်း တွဲတယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်

www.burmeseclassic.com



ယောက်လည်း တွေ့တာနဲ့ ရန်ဖြစ်တော့တာပဲ။ ဘယ်တော့မှလည်း မတည့်ဘူး''

ပြောရင်း သူမက ရယ်သည်။ သူမရယ်သံက ချိုသည်။

''ဟုတ်တယ် မတည့်အတူနေတွေလေ။ ရန်ဖြစ်မယ့်သာ ဖြစ်နေကြတာ မတွေ့ဘဲလည်း မနေနိုင်ကြဘူး။ အဲဒါကြောင့် ဝ... တို့လင်မယားက သေက်နဲ့ဖြူးမောင်ကို ပေးစားပစ်မယ်လို့ အ... ပြောတယ်''

''ပေးစားလိုက်လို့ကတော့ အတော်ရယ်ရမှာနော်။ အိမ်ဦးနတ် နေရာလုနေကြမလားပဲ။ ဟီး...''

သူမစကားပြောရင်း ရယ်ပြန်သည်။ သူပါလိုက်ရယ်ဖြစ် သည်။

''တစ်ခုတော့ ထူးဆန်းတယ်နော်။ များသောအားဖြင့် မိန်း ကလေးစိတ်ပေါက်တဲ့ လူတွေကလည်း သူတို့လိုင်းတူအချင်းချင်း ပေါင်းကြသလို၊ ယောက်ျားစိတ်ပေါက်နေတဲ့ ယောက်ျားရှာတွေက လည်း သူတို့နဲ့လိုင်းတူတွေပဲ ပေါင်းကြတာ။ သူတို့နှစ်ယောက်ထ... တော့လည်း လိုင်းမတူဘဲ ပေါင်းလို့ရနေတယ်နော်။ ဒါနဲ့ ကိုမင်း... လည်းသူတို့နဲ့ အရမ်းပေါင်းတာဆိုတော့ စကေ့္က ဖြူးမောင်လို ခြော... ချင်နေတာတော့ မဟုတ်ပါဘူးနော်''

''ဟာကွာ နှင်းကလည်း ကြံကြံဖန်ဖန် ခြောက်စရာလား''





သူရယ်ရင်း ငြင်းဖြစ်သည်။

''မသိဘူးလေ ဒီအချိန်ထိ မိန်းမ မယူသေးဘူးဆိုတော့''

သူမက ညစ်ကျယ်ကျယ်ဖြင့် ဆိုသည့်ပုံစံက သူ့ရင်ခုန်သံကို ...မြန်စေသည်။

''မိန်းမယူဖို့ဆိုတာကလည်း ကိုယ်ချစ်နေတဲ့ကောင်မလေးကို ...ထိ ဖွင့်မပြောရသေးဘူး။ မြန်မြန်ပြောပစ်မှနဲ့ တူတယ်ဗျာနော်''

သူမကိုစိုက်ကြည့်ရင်း သူဆိုဖြစ်သည်။

''ဒီခေတ်က ဒုံးပျံခေတ်လေ ကိုယ်ဖွင့်မပြောလို့ သူများနောက် ...ပါသွားတော့မှ ကျန်ရစ်ဖြစ်မယ်နော် လူပျိုကြီး''

သူမက မချိုမချဉ်ဖြင့် သူ့ကို စသည်။

''ကဲ မထူးပါဘူး။ အဲဒီကောင်မလေးဆီ Messgae ပို့ပြီး ...ည်းစားစကား ပြောပစ်တာ ကောင်းပါတယ်''

သူပြောပြောဆိုဆိုပင် မျက်နှာချင်းဆိုင်မှာ ထိုင်နေသော သူမ ...ဆီ Messgae ရိုက်ကာ ပို့ဖြစ်သည်။

'နှင်းကို အရမ်းချစ်တယ်ကွာ' ဟူ၍။ မျက်နှာချင်းဆိုင်မှာ ...ထိုင်နေသောသူမက သူမဖုန်းထဲဝင်လာသော သူ့ Messgae ကို ...ကြည့်ကာ ရှက်အမ်းအမ်းကြီး ဖြစ်ကာသွားသည်။ ရတ်တရက်ကြီးမို့ ...အားလည်း သင့်သွားပုံရသည်။ မျက်နှာကြီးနီကာ ရုတ်တရက် ...ရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း… မကောင်းဘူး"

ပြောပြောဆိုဆိုပင် သူမက ထထွက်သွားရန် ခြေလှမ်းကို ပြင်သည်။

"နှင်း… ဘာမှလည်း မစားရသေးဘူးလေ"

"မစားတော့ဘူး"

အကြောင်းကြောင်းဖြင့် အမြီးအမောက် မတည့်သောစကားကို ကယောင်ကတမ်းဖြင့် သူဆိုဖြစ်သည်။ သူမက 'မစားတော့ဘူး' ဟု ဆိုကာ ရက်အမ်းအမ်းဖြင့် ခေါင်းငုံ့ကာသွားရင်း သူမ၏ ရှေ့ရှိ… ဆိုင်တိုင်တစ်လုံးကို ဝင်ကာတိုက်မိသည်။ ပြီးတော့ 'အားလားလား' ဟု ရှုံ့မဲ့ကာ အော်သည်။

"နှင်း ဘာဖြစ်သွားသေးလဲ"

သူမနား ဘယ်လိုရောက်သွားမှန်းပင်မသိ။

"ရတယ်၊ ဘာမှမဖြစ်ဘူး၊ သွားတော့မယ်"

လက်တစ်ဖက်ဖြင့် ခေါင်းကိုဖိကာ ရှုံ့မဲ့စွာဆိုရင်း သူမ ဆို… သုတ်သုတ်ထွက်သွားသည်ကို သူကြောင်တောင်တောင်ကြည့်နေ… ဖြစ်သည်။ နေရာမှာတင် ရပ်ကျန်ခဲ့ရင်း သူ ခေါင်းကို ကုတ်ဖြ… သည်။ ရင်တွေကတော့ ဝုန်းဒိုင်းကြဲကာ ခုန်လို့ကောင်းတုန်း။





…ကောင် တော်လဲ"

သူမကိုကြည့်ကာ ဆိုနေသော်လည်း သူမကတော့ မျက်နှာကြက်ကိုပဲ မော့ကြည့်သလိုလို ဘာလိုလိုနှင့် မကြားချင်ယောင် လုပ်သည်။

"မင်းကတော့ တော်တယ်ကွာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်တွေလုပ်နေတာ။ မင်းသူငယ်ချင်း 'နှင်းရတီ' ကတော့လေ…"

"ဖေဖေ…"

သူမက သူမဖေဖေ၏စကားမဆုံးခင် ဖြတ်ကာဆိုသည်။ …လေးကြီးက 'ဟော့' ဟု ယောင်ကာထူးပြီးမှ 'ပြော ဘာလဲ' ဟုဆိုသည်။

"သူငယ်ချင်းတွေရဲ့ ရှေ့မှာ သမီးအကြောင်း မကောင်းတာ …ပြောကြေး"

သူမက ကလေးတစ်ယောက်လို ဆိုသည်။ ချစ်စရာ ကောင်း…းသည်မို့ သူရင်တွေတောင် နွေးလိုက်အေးလိုက် ဖြစ်ကာနေ…သည်။

"မကောင်းကြောင်း မပြောပါဘူး။ အကောင်းပဲ ပြောမှာပါ။ …သားရေ၊ သူလုပ်ချင်တယ်ဆိုတဲ့ လုပ်ငန်းကိုပဲ ဦးတို့က တည် …င်ပေးလိုက်ရတာ၊ ဆိုင်ကို ပုံမှန်လာဖို့ကျတော့ နောက်က …နေရတယ်။ သူ့အကြောင်းတွေ… သားတို့ကို ပြောမပြဘူး …း"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကြီး၏စကားအဆုံးမှာ သူ သူမကို ပြုံးကာ ပြ[illegible] သည်။

"ပြောပြပါတယ်ဦး..."

ဝွင်ဝင်ပြီမို့ မနေ့ညက သူမပြောထားသည်တို့ကို ပြန်[illegible] ပြကာ အချွန်နှင့်မဖို့ သူ ဆုံးဖြတ်လိုက်သည်။ သူမက ရိပ်မိသည် ထင်။ သူမက ဖေဖေမမြင်အောင် ခေါင်းကို အလန့်တကြား ခါ[illegible] သည်။ မပြောနှင့်ဆိုသည့်သဘော။ သို့သော်သူ အစွမ်းကုန်ရယ်[illegible] လိုက်သည်။

"သူပြောပြောနေတာကတော့ သူ့ရဲ့ မဖြစ်စလောက် ရှိစု[illegible] ဝင်ငွေလေးနဲ့ မိသားစုက ရပ်တည်နေရတယ် သူက ဒီဆိုင်[illegible] ဝန်ထမ်းဆိုလားပဲခင်ဗျာ"

"ဘာ..."

သူ့စကားအဆုံးမှာ သူမ၏အဖေက 'ဘာ'ဟု ရေရွတ်ရ[illegible] သူမဘက် လှည့်ကြည့်သည်။ သူမက ဇက်ကို ပုကာထားသည်[illegible]


"အဲဒီလိုပဲ သူငယ်ချင်းတွေကို ပြောထားလို့မ်ထားတယ်ပေ[illegible] ဒီလို Show Room အကြီးကြီးဖွင့်ထားပေးတာကိုတောင် အဲဒီလို[illegible] ပြောတယ်ပေါ့ ဟုတ်လား သမီး"

"အဲဒါကလေ... သမီးက နောက်... နောက်တာ... ဟီး"

"ဟေး ရှုံးခန်းထဲ လိုက်ခဲ့။ ကဲ သား... ဝယ်စရာရှိတ[illegible] ဆက်ဝယ် သားရဲ့သူငယ်ချင်းကို ဦး ဆုံးမလိုက်ဦးမယ်။ ဟုတ်ပြီ သား"

"ဟုတ်ကဲ့... ဦးခင်ဗျာ"

မျက်စိမျက်မျက်နှာပျက်ဖြင့် သူမ၏အဖေနောက်လိုက်သွား သော သူမက သူ့ကို လက်သီးဆုပ်ပြကာ သွားသည်။ သူကတော့ အစွမ်းကုန် ရယ်လို့သာ ပြဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ TV ဝယ်တာ ပျော်တယ်ဗျာ။

"ဒီနေ့ ဝယ်ခဲ့တဲ့ TV က ကမ္ဘာပေါ်မှာ အရသာအရှိဆုံး ပဲဗျာ ဟီး"

ညပိုင်းမှာတော့ ပြောင်စပ်စပ် ရှိလှသော Messgae တစ်စောင် သူမဆီ ပို့ဖြစ်သည်။ သိပ်မကြာခင်မှာ သူမဆီက Messgae ပြ ရောက်လာသည်။

"TV ဝယ်ရလို့ ပျော်နေတာသေချာလား"

ဟူ၍။

"ဟုတ်"

ဟု သူစာပြန်ရိုက်ကာ စဖြစ်သည်။

'ဟုတ်'ဆိုတာ သူမသုံးနေကြကိုး။

"မသိပါဘူး… သူများမိသားစုကြားမှာ အချွန်နဲ့ ဝင်မ,ရလို့ ပျော်နေတာလားလို့။ ကိုမင်းသူရဇော်ကို စိတ်ဆိုးတယ်"





'သေစမ်းကွာ'ဟု သူ့ကိုယ်သူ ဆိုဖြစ်သည်။ နှင်း၏စကား လုံးတို့က သူ့နှလုံးသားတွေကို ဓားဖြင့် တရိရိ လှီးဖြတ်နေသလို ခံစားရသည်။ တစစ်စစ် နာကျင်လာသည်မို့ ဘာဆက်ပြောရမှန်းပင် မသိတော့။

"နောက်မှပဲ… ဖုန်းဆက်တော့မယ်နော် နှင်း… ဒါပဲနော်"

သူ့စကားကိုဆုံးအောင် အားတင်းကာဆိုရင်း ဖုန်းချဖြစ်သည်။ သူမကတော့ တစ်လုံးတည်းသော သူမသုံးနေကြစကားလုံးဖြင့် ပြန် ဖြေသည်။

"ဟုတ်"ဟူ၍…

သူ 'ဟက်'ခနဲ မချိရယ် ရယ်ဖြစ်သည်။ ရင်မှာ ခံစားနေရ သော ဝေဒနာတို့က အမျိုးအစားခွဲပြရန်ပင် ခက်ခဲကာလာသည်။

အချစ်ဆိုသော ပုစ္ဆာက တစ်ခါတစ်ရံကျတော့လည်း ကိုယ် တွက်ထားသောအဖြေ ထွက်ချင်မှ ထွက်တတ်တာမျိုး၊ ကြိုတင် တွက်ဆမထားသော ထင်မထားသော ရှုထောင့်များကနေ ဝေဒနာ တို့ကို ထုတ်ပေးချင်ပေးလာတတ်တာမျိုး ဖြစ်ကာနေသည်။

ဘယ်နှကြိမ်မြောက်မှန်း မသိသော သက်ပြင်းချလိုက်ချိန်မှာ စူးအောင့်သော ဝေဒနာတစ်မျိုးက ရင်ဘတ်ကို တူးဆွသည်။

'နှင်း'ဟု ရင်ထဲမှာ တမ်းတမ်းတတ ခေါ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



There is nothing sharper than a woman's tongue.

မိန်းမတစ်ယောက်၏ လျှာလောက်ထက်သောအရာမရှိ။

Irish Proverb



"အားမလျှော့ပါနဲ့ သားကြီးရာ၊ မိန်းကလေးဆိုတာက မှတ်တတ်တာမျိုးကွ။ အခု ရည်းစားစကားပြော'အခုခေါင်းညိတ်ဆိုတာမျိုးက ရှားပါတယ်ကွာ။ မင်း သူ့အပေါ်မှာ ဘယ်လောက်ချစ်လဲ ဘယ်လောက်ကောင်းလဲ ဆိုတာကို စမ်းသပ်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ နောက်ထပ် အကြိမ်ပေါင်းများစွာ ကြိုးစားခွင့် ရှိပါသေးတယ်ကွာ"

ငသက်က ပခုံးကို ခပ်ဖွဖွလှမ်းရိုက်ရင်း ဆိုသည်။

"နင့်အစား ငါအရမ်းဝမ်းနည်းတယ် ကောင်မရယ်"

ဖြိုးမောင်ကတော့ ထုံးစံအတိုင်း နွဲ့တဲ့တဲ့ ဆိုသည်။

"စဉ်းစားပေးပါဦးမယ်ဆိုတာမျိုးတောင် မဟုတ်ဘဲနဲ့ ချက်ချင်းကြီး ငြင်းလိုက်တာဆိုတော့ကွာ။ တစ်မျိုးတော့ တစ်မျိုးကြီးပဲကွ ... င်တင်တင်ကြီး ခံစားရတယ်ကွာ။ မျက်နှာလည်း တော်တော်ပျက်... ယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမျက်နှာကြည့်ရင် သိပါတယ်ကွာ မင်းတော်တော်ကြီး ကို စိတ်ဓာတ်ကျနေပုံရတယ်။ သွက်သွက်လက်လက်လည်း မရှိ သေးဘူး"

သေက်က သူ့စကားကို ထောက်ခံသည်။

"အိုင်ယာလန်စကားပုံ တစ်ခုလိုပေါ့ ကောင်မရယ်။ မိန်းမ တစ်ယောက်ရဲ့ လျှာလောက်ထက်သောအရာဆိုတာ မရှိဘူးတဲ့။ စုတ်ပြတ်ပြောင်းလဲသွားစေတာပဲ"

ဖြိုးမောင်က ခပ်နွဲ့နွဲ့ပင် ဆိုသည်။

"မင်းက သူ့ကိုအပျော်ကြံတာမှ မဟုတ်တာ။ တကယ်ချစ် တာပဲဥစ္စာ ဆက်ကြိုးစားကွာ သားကြီး"

သေက်ကတော့ 'ဆက်ကြိုးစား'ဟု အားပေးသည်။

"ထပ်ကြိုးစားချင်စိတ်တော့ ရှိပါရဲ့ကွာ ထပ်အငြင်းခံရမှာ ကို သေမလောက်ကြောက်နေတယ်ကွ"

ပြောရင်း သူသက်ပြင်းကို ချဖြစ်သည်။ သူ၏ဝေဒနာတို့ကို နှင်းတစ်ယောက် သိမှသိပါလေ။





အချိန်တွေကြာလာသည်နှင့်အမျှ အပြန်အလှန် Messgae ပို့ကြရင်း ဖုန်းတွေပြောကြရင်း ဆိုင်မှာ မကြာခဏ ဆုံကြရင်းဖြင့် ရင်းနှီးမှုတွေ ပိုလာသည်ကတော့ အမှန်ပဲဖြစ်သည်။ သူမ၏ သူငယ်ချင်းအချို့နဲ့ပါ သူ ခင်မင်လာသလို သူ၏ ဘော်ဒါများနှင့် လည်း သူမ မျက်မှန်းတမ်းမိလာသည်။ ဆိုင်မှာ အတူဆုံဖြစ်ချိန်တွေ ပိုလာသလို တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ပို့ကြသော Messgae စောင်ရေတွေ အရေအတွက် ပိုလာသည်။ အခုလည်း ဆိုင်မှာ သူနှင့်နှင်း ဆုံဖြစ်ကြသည်။

"ကိုမင်းရဲ့ ဟိုသူငယ်ချင်းနှစ်ယောက်က ရယ်ရတယ်နော် တစ်ယောက်က ယောက်ျားလိုနေတဲ့ မိန်းမ။ နောက်တစ်ယောက်က ကျတော့ ယောက်ျားဖြစ်နေပြီး မိန်းမလို နွဲ့နေတဲ့ယောက်ျား။ သူတို့ နှစ်ယောက်က အမြဲလည်း တွဲတယ်။ ပြီးတော့ တစ်ယောက်နဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လည်း တွေ့တာနဲ့ ရန်ဖြစ်တော့တာပဲ။ ဘယ်တော့မှလည်း မတည့်ဘူး''

ပြောရင်း သူမက ရယ်သည်။ သူမရယ်သံက ချိုသည်။

''ဟုတ်တယ် မတည့်အတူနေတွေလေ။ ရန်ဖြစ်မယ့်သာ ဖြစ်နေကြတာ မတွေ့ဘဲလည်း မနေနိုင်ကြဘူး။ အဲဒါကြောင့် ဝဏ္ဏ တို့လင်မယားက ငသက်နဲ့ဖြိုးမောင်ကို ပေးစားပစ်မယ်လို့ အမြဲ ပြောတယ်''

''ပေးစားလိုက်လို့ကတော့ အတော်ရယ်ရမှာနော်။ အိမ်ဦးနတ် နေရာလုနေကြမလားပဲ။ ဟီး...''

သူမစကားပြောရင်း ရယ်ပြန်သည်။ သူပါလိုက်ရယ်ဖြစ် သည်။

''တစ်ခုတော့ ထူးဆန်းတယ်နော်။ များသောအားဖြင့် မိန်း ကလေးစိတ်ပေါက်တဲ့ လူတွေကလည်း သူတို့လိုင်းတူအချင်းချင်း ပေါင်းကြသလို၊ ယောက်ျားစိတ်ပေါက်နေတဲ့ ယောကျ်ားရှာတွေက လည်း သူတို့နဲ့လိုင်းတူတွေပဲ ပေါင်းကြတာ။ သူတို့နှစ်ယောက်ကျ တော့လည်း လိုင်းမတူဘဲ ပေါင်းလို့ရနေတယ်နော်။ ဒါနဲ့ ကိုမင်း လည်းသူတို့နဲ့ အရမ်းပေါင်းတာဆိုတော့ ကော့ ဖြိုးမောင်လို ခြောက် ချင်နေတာတော့ မဟုတ်ပါဘူးနော်''

''ဟာကွာ နှင်းကလည်း ကြံကြံဖန်ဖန် ခြောက်စရာလား''





သူရယ်ရင်း ငြင်းဖြစ်သည်။

''မသိဘူးလေ ဒီအချိန်ထိ မိန်းမ မယူသေးဘူးဆိုတော့''

သူမက ညစ်ကျယ်ကျယ်ဖြင့် ဆိုသည့်ပုံစံက သူ့ရင်ခုန်သံကို ပိုမြန်စေသည်။

''မိန်းမယူဖို့ဆိုတာကလည်း ကိုယ်ချစ်နေတဲ့ကောင်မလေးကို ခုထိ ဖွင့်မပြောရသေးဘူး။ မြန်မြန်ပြောပစ်မှနဲ့ တူတယ်ဗျာနော်''

သူမကိုစိုက်ကြည့်ရင်း သူဆိုဖြစ်သည်။

''ဒီခေတ်က ဒုံးပျံခေတ်လေ ကိုယ်ဖွင့်မပြောလို့ သူများနောက် ပါသွားတော့မှ ကျန်ရစ်ဖြစ်မယ်နော် လူပျိုကြီး''

သူမက မချိုမချဉ်ဖြင့် သူ့ကို စသည်။

''ကဲ မထူးပါဘူး။ အဲဒီကောင်မလေးဆီ Messgae ပို့ပြီး ညှိ်းစားစကား ပြောပစ်တာ ကောင်းပါတယ်''

သူပြောပြောဆိုဆိုပင် မျက်နှာချင်းဆိုင်မှာ ထိုင်နေသော သူမ ဆီ Messgae ရိုက်ကာ ပို့ဖြစ်သည်။

'နှင်းကို အရမ်းချစ်တယ်ကွာ' ဟူ၍။ မျက်နှာချင်းဆိုင်မှာ ထိုင်နေသောသူမက သူမဖုန်းထဲဝင်လာသော သူ့ Messgae ကို ဖတ်ကာ ရှက်အမ်းအမ်းကြီး ဖြစ်ကာသွားသည်။ ရှတ်တရက်ကြီးမို့ အံ့အားလည်း သင့်သွားပုံရသည်။ မျက်နှာကြီးနီကာ ရှတ်တရက် ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်း... မကောင်းဘူး"

ပြောပြောဆိုဆိုပင် သူမက ထထွက်သွားရန် ခြေလှမ်းကို ပြင်သည်။

"နှင်း... ဘာမှလည်း မစားရသေးဘူးလေ"

"မစားတော့ဘူး"

အူကြောင်ကြောင်ဖြင့် အမြီးအမောက် မတည့်သောစကားကို ကယောင်ကတမ်းဖြင့် သူဆိုဖြစ်သည်။ သူမက 'မစားတော့ဘူး' ဟု ဆိုကာ ရှက်အမ်းအမ်းဖြင့် ခေါင်းငုံ့ကာသွားရင်း သူမ၏ ရှေ့မှ ဆိုင်တိုင်တစ်လုံးကို ဝင်ကာတိုက်မိသည်။ ပြီးတော့ 'အားလားလား' ဟု ရှုံ့မဲ့ကာ အော်သည်။

"နှင်း ဘာဖြစ်သွားသေးလဲ"

သူမနား ဘယ်လိုရောက်သွားမှန်းပင်မသိ။

"ရတယ်၊ ဘာမှမဖြစ်ဘူး၊ သွားတော့မယ်"

လက်တစ်ဖက်ဖြင့် ခေါင်းကိုဖိကာ ရှုံ့မဲ့စွာဆိုရင်း သူမ ခပ်သုတ်သုတ်ထွက်သွားသည်ကို သူကြောင်တောင်တောင်ကြည့်နေဖြစ်သည်။ နေရာမှာတင် ရပ်ကျန်ခဲ့ရင်း သူ ခေါင်းကို ကုတ်ဖြစ်သည်။ ရင်တွေကတော့ ဝုန်းဒိုင်းကြဲကာ ခုန်လို့ကောင်းတုန်း။





"ကောင်မရယ် အဲဒါ အခြေအနေကောင်းတဲ့ သဘောပေါ့ဟဲ့ ကွန်ကရက်ကျူလေးရှင်း"

ဖြိုးမောင်က သူ့ကို လက်ဆွဲနှုတ်ဆက်ရင်း ထုံးစွဲအတိုင်း ခပ်နွဲ့နွဲ့ဆိုသည်။

"သားကြီး ဆက်လှုပ်ရှားကွာ။ အိုကေမှာပါ"

ငသက်က လက်မထောင်ရင်း အားပေးသည်။

"သူရဲ့မွေးနေ့မှာ ယောကျ်ားလေးဆိုလို့ ငါတစ်ယောက်တည်းဆိုပဲ ဖိတ်တယ်လို့တော့ ပြောတယ်ကွ။ အများကြီး မျှော်လင့်လို့ရတဲ့သဘောလား မသိဘူးကွနော်"

သူ ရင်ခုန်စွာတွေးရင်း ဆိုမိသည်။

"အခင်အမင်မပျက်ချင်လို့ ပုံမှန်ဆက်ဆံချင်တာမျိုးလည်းဖြစ်နိုင်တာပဲလေ။ သူ အာရုံနောက်သွားမယ့်လောက်ထိတော့ သွားလှုပ်ရှားနဲ့ပေါ့ သားကြီးရာ။ တော်ကြာ မိတ်ပါပျက်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်က သတိပေးစကားဆိုသည်။ ဖြိုးမောင်က 'ဟုတ်တယ် ဟဲ့'ဟု ထောက်ခံသည်။

"ငါလည်း အဲဒါပဲ အမျိုးမျိုး ချင့်ချိန်နေတာကွ။ မင်းတို့ပြော သလိုပဲ မိတ်ပျက်သွားမှာလည်း ကြောက်နေတယ်။ ဒီလိုပဲ ခင်မင် နေရတာကမှ ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက်ရှိသေးတယ်လေကွာ။ လုံးဝအဆက်အဆံမရှိတော့ရင် မျှော်လင့်ချက်လုံးလုံးရှိတော့မှာ မဟုတ်ဘူး"

သူ့စကားအဆုံးမှာ သက်တို့နှစ်ကောင်က ခေါင်းညိတ်သည်။

"ဒါနဲ့စကားမစပ် မင်းတို့နဲ့ တွေ့နေတဲ့ကောင်တွေက ဘာလဲကွ"

သူ၏အမေးကြောင့် သက်နှင့်ဖြိုးမောင်က တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်သည်။

"ဘော်ဒါအသစ်တွေပါကွာ။ သိပ်ခင်တယ် မဟုတ်ပေမယ့် လည်း တွဲဖြစ်နေတယ်။ ခေါင့်တော့ သိပ်မကျိုးကြဘူးကွ။ မူးယစ် ဆေးလည်း သုံးပုံရတယ်။ ငါတို့လည်း ခွာဖို့ကြိုးစားနေတယ် စရိုက်မတူလို့ မပေါင်းချင်ဘူး"

သက်က ရှင်းပြသည်။ သက်တို့ ဖြိုးမောင်တို့နှင့် တွဲနေ သော ဘော်ဒါအသစ်များကိုတွဲလျက် သူ တွေ့တွေ့နေသည်မှာ အကြိမ်ကြိမ် ဖြစ်သည်။ ၎င်းတို့ကိုကြည့်ရသည်မှာ လမ်းသူရဲဆန်





သည်။ 'စရိုက်မတူလို့ ခွာတော့မယ်' ဆိုသော သက်စကားကြောင့် သူနည်းနည်းတော့ စိတ်အေးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏မွေးနေ့မို့ စောစောစီးစီးပင် သူမကို ဖုန်းဖြင့် Birthday Wish Message လှမ်းပို့ဖြစ်သည်။

"Happy Birthday 'နှင်း'။ မွေးနေ့ရှင် 'နှင်း'တစ်ယောက် ဒီနေ့ကျရောက်တဲ့ မွေးနေ့ကစပြီး ဘဝတစ်လျှောက်လုံးမှာ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ။ အောင်မြင်ခြင်းများကိုသာ ထာဝရပိုင်ဆိုင်နိုင်ပါစေ။ နောက်ဆုံး ဆုတောင်းပေးချင်တာက နှင်းကို အရမ်းချစ်တဲ့ မင်းသူရဇော်ဆိုတဲ့ ကိုယ်နဲ့လည်း အိုအောင်မင်းအောင်ပေါင်းနိုင်ပါစေဗျာ"

သူ Message ကိုပို့ပြီး သိပ်မကြာခင်မှာ သူမက ပြန်ပို့လာသည်။

"နောက်ဆုံး ဆုတောင်းကလွဲရင် ရှေ့ကဆုတွေ အကုန်ပြည့်ချင်ပါတယ်ရှင်။ Birthday Wish အတွက် ကျေးဇူးပါရှင်"

သူမ၏ Message ကိုဖတ်ပြီးပြီးချင်း သူမဆီကို ဖုန်းခေါ်ဖြစ်သည်။ သူမက ရယ်ချင်ပက်ကျိလေသံဖြင့် 'ဟဲလို'ဟု ထူးသည်။





"ဟဲလို"

"နှင်း မညစ်နဲ့လေကွာ။ ကိုယ်ဆုတောင်းပေးတဲ့အတိုင်း ပြည့်ပါစေလို့ ပြောရမှာလေ မွေးနေ့ရှင်က မမိုက်ဘူးကွာ"

သူ ရင်ခုန်စွာ ဆိုဖြစ်သည်။

"မိုက်ရင် ထောင်ထဲရောက်နေမှာပေါ့ရှင်။ မေမေက ပြောတယ် ငါ့သမီး လိမ်လိမ်မာမာနေတဲ့၊ မိဘစကား နားထောင်ရမယ်လေ။ 'ဟုတ်တယ်ဟုတ်'"

ဟု သူမက အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"ကိုယ့်ကိုပြန်ချစ်လိုက်တာက မလိမ္မာတာမှမဟုတ်တာ နှင်းရ။ ကိုယ့်ကိုပြန်ချစ်လိုက်မှ နှင်းရဲ့အမေနဲ့အဖေက ငါ့သမီးက သမက်အရွေးတော်တယ်ဆိုပြီးမှ လိမ္မာတယ်လို့တောင် ချီးမွမ်းဦးမှာ နှင်းရ"

သူ၏စကားအဆုံးမှာ နှင်းက ရယ်သည်။

"ဘာရယ်တာတုန်း နှင်းရ။ 'ဘာလဲ လျောင်တာလား"

"မဟုတ်ပါဘူး ကိုမင်းရယ် မလျောင်ပါဘူး။ ကိုမင်းပြောတဲ့ စကားကို ရယ်ချင်လို့ပါ။ သမီးအလိမ္မာဖြစ်ဖို့ပဲ သူ့ကို အဖြေပေးရမယ်ဆိုလို့ပါ"

"ပြန်ချစ်ပါနှင်းရာ။ နှင်းရဲ့မွေးနေ့အမှတ်တရာအဖြစ်နဲ့ပဲ ဖြစ်ဖြစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော် ဇွတ်ကြီးပါလား"

နှင်းကပြောရင်း ရယ်သည်။ သူသည်လည်း ရင်ခုန်ခုန်ဖြင့် အစီအစဉ်မကျ အမြီးအမောက်မတည့် လျှောက်ပြောရင်း ဘာဆက်ပြောရမှန်းမသိ ဖြစ်ကာနေသည်။

"ဒီလိုလုပ်လေ။ ဒီနေ့ဆိုင်မှာဆုံရင် ကိုမင်းကို နှင်းအဖြေပေးမယ်။ မုန်းတယ်ပြောပြော ချစ်တယ်ပဲပြောပြော နှင်းကို အထွန့်မတက်ဘူးဆိုရင်ပေါ့။ ဘယ်လိုလဲ အထွန့်မတက်ဘူးလို့ ကတိပေးရဲ့လား"

သူမ၏အမေးကို သူချက်ချင်းကြီး ပြန်မဖြေရဲ။

"နှင်းကရော မုန်းတယ်လို့ မပြောပါဘူးဆိုပြီး ကတိပေးမှာလား"

သူက ညစ်ကျယ်ကျယ်ဖြင့် ပြန်၍မေးဖြစ်သည်။ နှင်းက သူ့စကား ကြောင့် ရယ်သည်။ ပြီး-

"လူလည်ကြီးတော့"

ဟု ရေရွတ်သည်။

"ကဲပါလေ။ အဲဒီတော့မှ နှင်းဘာဖြေမလဲဆိုတာ နားထောင်တော့ အခုဖုန်းချပြီးရင် နှင်းက တစ်နေကုန် ဖုန်းပိတ်ထားလိုက်တော့မှာ။ နှင်းရဲ့သူငယ်ချင်းတွေက Birthday Wish တွေ လုပ်ကြ ဖုန်းဆက်ကြနဲ့ဆိုရင် ဘုရားတွေ ဘာတွေ သွားတော့ မလွတ်လပ်ဘူး။





အဲဒါကြောင့် ဖုန်းပိတ်ပြီး အိမ်မှာပဲ ထားခဲ့မှာ။ ကိုမင်းက ဆိုင်ကို ညနေ ရှစ်နာရီရောက်အောင်လာခဲ့ဖို့သာ မမေ့နဲ့"

သူမက ရှည်လျားစွာ ဆိုသည်။

"မမေ့ပါဘူးဗျာ။ မမေ့ရဲပါဘူး။ ဒီနေ့ ညနေရှစ်နာရီမထိုးခင်ကို အရောက်လာခဲ့ပါမယ်။ လုံးဝတစ်စက္ကန့်မှ နောက်မကျစေရပါဘူးလို့ ကတိပေးတယ် နှင်းရာ။ စိတ်ချ"

"ပြီးရော နောက်ကျလို့ကတော့ သူငယ်ချင်းတွေခေါ်ပြီး ဆိုင်ပြောင်းစားလိုက်မှာ။ ဖုန်းကလည်း မနက်ဖြန်မှ ပြန်ဖွင့်မှာဆိုတော့ လုံးဝဆက်သွယ်လို့ ရမှာမဟုတ်ဘူးနော်။ လုံးဝနောက်မကျပါနဲ့ ဒါပဲ"

"လုံးဝနောက်မကျစေရဘူးလို့ ကတိပေးပါတယ်ခင်ဗျာ"

သူ ပြောင်ချော်ချော် ဆိုဖြစ်သည်။

"ပြီးရော ကဲဖုန်းချလိုက်တော့မယ်။ ပြီးရင် ဖုန်းပိတ်တော့မယ်"

"အိုကေ နှင်း။ နှင်းကို အရမ်းချစ်တယ်"

ကြားလား မကြားလားမသိသော်လည်း သူပြောဖြစ်အောင်တော့ ပြောလိုက်သေးသည်။ နှင်းတစ်ယောက်ကြားပါစေ။



www.burmeseclassic.com

www.burmeseclassic.com



'နောက်မကျပါစေနဲ့'ဟု နှင်းကအသေအချာ မှာထားသည်မို့ သူ ရှစ်နာရီချိန်းထားသော နှင်းဆီ ညနေခြောက်နာရီကျော်ကတည်းက ထွက်ခဲ့ဖြစ်သည်။ နာရီဝက်ခန့် မောင်းပြီးရင်တော့ နှင်းရှိနေမည့်ဆိုင်ကို သူရောက်မည်။ ဒီမှန်းအတိုင်းသာဆို ခုနစ်နာရီခွဲမှာ ကြိုရောက်နေမှာမို့ သူမကို အံ့ဩသွားအောင် တစ်ခုခုစီစဉ်မည် ဟုလည်း သူတွေးဖြစ်သည်။

ထိုစဉ်မှာ ဖုန်းကဝင်လာသည်မို့ ကြည့်လိုက်တော့ ဖြိုးမောင်ဆီက ဖြစ်နေသည်။ သူကားကို လမ်းဘေးမှာ ကပ်ရပ်လိုက်ရင်း ဖုန်းကိုင်ဖြစ်သည်။

"အေး ဖြိုးမောင် ပြော"

"ဟို အယုတ်တမာကောင်တွေ ပေါ်ပြီဟယ်။ နောက်မှ တွဲဖြစ်တဲ့ ဘော်ဒါတွေလေ သေက်ကို အမွေကျင့်ဖို့ ကြိုးစားကြတယ်။





ငါ့ဆီက ပိုက်ဆံတွေလည်း လုတယ်။ ငါ့ကိုလည်း ရိုက်တယ်။ သေက်ကိုလည်း ခုထိ လွှတ်မပေးဘူး။ ငါတို့ ထွက်ပြေးရင်း လှုကွဲနေတယ်။ ရဲကိုလည်း ငါဖုန်းဆက်ထားတယ်။ နှင်လာခဲ့ပါဦး ကိုမင်း"

"အေး လိပ်စာပြော"

သူ ယောက်ျားစိတ်ဝင်နေသော်လည်း မိန်းမချောချောနေသော မိန်းမလည်းဖြစ်နေသော သေက်ကို စိတ်ပူသွားမိသည်။ နောက်မှ တွဲသော ဘော်ဒါဆိုသူများက ဒီယုန်မြင်လို့ ဒီချုံထွင်လိုက်ကြဟန်တူသည်။ အခုတော့ သေက်ကိုအမွေကျင့်ဖို့ ကြိုးပမ်းသည်ဆိုပါလား။

ဖြိုးမောင်ပြောသော လိပ်စာဆီ သူကားကို မောင်းခဲ့ဖြစ်သည်။ နှင်းဆီကို သူအချိန်မီသွားနိုင်ချင်မှ သွားနိုင်တော့မည်။ မတတ်နိုင်။ ဖုန်းဆက်ရအောင်ကလည်း နှင်းက ဖုန်းကို ပိတ်ထားမည်မို့ ဆက်သွယ်လို့ရမှာ မဟုတ်။ နောက်မှပဲ အကျိုးအကြောင်း ရှင်းပြရတော့မည်။

သူ ရင်ပူပူဖြင့် ကားကို ဂရုစိုက်ကာ မောင်းခဲ့ဖြစ်သည်။ နှင်း၏မွေးနေ့မှာမှ နှင်းအဖြေပေးမည်ဟု ဆိုထားသောနေ့မှာမှ သူ၏ သူငယ်ချင်းများကို ဒုက္ခပေးသော သူတောင်းစားများ၏ မျက်ခွက်တို့ မြင်ယောင်ရင်းဒေါသတို့က အလိပ်လိုက် ထွက်ကာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ခွက်တွေချည်း အားရပါးရ ပစ်ထိုးပစ်မည်ဟု တွေးရင်း သူ့အံကိုခပ်တင်းတင်း ကြိတ်ထားဖြစ်သည်။





သူ ရောက်သွားချိန်မှာတော့ သွေးထွက်နေသော ဗိုက်ကို နှိပ်ကာထားသော ဖြိုးမောင်ကို တွေ့ရသည်။ ရဲများလည်း ရောက်လာနေပြီး ထိုသုံးကောင်ကိုလည်း လက်ထိတ်ခတ်ထားတာ တွေ့ရသည်။ ပြီးတော့ ဖြိုးမောင်၏ဘေးမှာ ရှိုက်ကြီးတငင်ငိုနေသော သေကက်ကို တွေ့ရသည်။

"သေကက် ဖြိုးမောင် ဘာဖြစ်တာလဲ"

သူ သေကက်ဆီပြေးသွားရင်း မေးဖြစ်သည်။

"ငါ့ကို သူတို့ မတရားကြံစည်ဖို့ ကြိုးစားကြလို့ ငါတို့ ထွက်ပြေးကြတာ။ အဲဒါ ငါ့ကို ပြန်မိသွားတယ်။ ဖြိုးမောင်က သွတ်သွားတယ်။ ငါ့ကို အဓမ္မကျင့်ဖို့... နောက်ထပ်ကြိုးစားတုန်း ဖြိုးမောင် ပြန်ရောက်လာပြီး ငါတို့နှစ်ယောက်နဲ့ သူတို့ သုံးယောက် ထိုးကြ ကြိတ်ကြရင်း သူတို့ထဲကတစ်ယောက်က ဖြိုးမောင်ကို ဓားနဲ့ထိုးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သေက်က ငိုသည်။ ဖြိုးမောင်က ဝေဒနာကြောင့် ရှုံ့မဲ့ကာ နေသည်။

"လူနာတင်ကား လာပြီ"

ရဲတစ်ယောက်က လှမ်းကာ အော်သည်။ ဒေါကန်ကန်ဖြင့် လူယုတ်မာသုံးကောင်ကို လှည့်ကြည့်လိုက်သောအခါ ထိုသုံးကောင် များကလည်း သူ့ကို မထီမဲ့မြင်ဖြင့် ရန်လိုပြုံး ပြုံးပြသည်။ ခနဲ့တဲ့တဲ့ အပြုံးမျိုး။

"ငါကွာ"

သူ ဒေါကန်ကန်ဖြင့် ထိုသုံးကောင်ထဲက တစ်ကောင်၏ မျက်ခွက်ကို ခွပ်ခနဲ ပြေးထိုးဖြစ်သည်။ နောက်တစ်ကောင်ကို ထိုးရန် ပြင်နေတုန်းမှာ ရဲတစ်ဦးက 'မလုပ်နဲ့ ညီလေး' ဟုဆိုရင်း သူ့ကို ဆွဲထားသည်။

'သေက်' က 'ကိုမင်း ဖြိုးမောင်ကို ဆေးရုံပို့ရအောင်' ဟု အငိုတစ်ဝက်ဖြင့် ဆိုသည်။ သူ ဒေါသကို လျှော့ပစ်ရင်း ဖြိုးမောင်ကို ကားပေါ်တင်ဖြစ်သည်။ ဘာရယ်မဟုတ် နှင်းကိုသတိရသော်လည်း သူမှာ အခြားရွေးချယ်စရာ လမ်းမရှိတော့။ ဖုန်းဆက်ရန်ကလည်း မဖြစ်နိုင်။ သေချာပေါက် သူမ၏ဖုန်းက ပိတ်ထားမည်ကိုး။ နာရီကိုကြည့်တော့ အချိန်က ရှစ်နာရီအတိ။ သေက်က လူနာတင် ကားပေါ် လိုက်တက်သည်။





"နောက်ကလိုက်ခဲ့နော် သားကြီး"

အငိုတစ်ဝက်ဖြင့် အော်သွားသော သေက်ကို သူ ခေါင်းညိတ် ပြဖြစ်သည်။ ဖြိုးမောင်ကိုကြည့်ရသည်မှာ သွေးထွက်လွန်၍ စိုးရိမ် နေရသည့်အနေအထား။ နှင်းက အရေးကြီးပါသည်။ သို့သော် လက်ရှိအနေအထားအရ ဖြိုးမောင်က ပိုအရေးကြီးကာနေသည်။

ဆေးရုံသို့ရောက်ကာ ဖြိုးမောင်၏ကိစ္စဝိစ္စအားလုံးပြီးပြီး နောက် မှ နာရီကိုကြည့်တော့ ဆယ်နာရီခွဲ။ သူမ၏ဖုန်းကို လှမ်းဆက်ကြည့် တော့ ဖုန်းပိတ်ထားသည်။

'သွားပြီ' ဟု သူတွေးမိသည်။ အကျိုးအကြောင်းကို Messgae ရိုက်ပို့ထားရင် ကောင်းမလားဟု သူတွေးမိချိန် သေက်က သူ့ပခုံး ကို ခပ်ဖွဖွ လာပုတ်သည်။

"တော်သေးတာပေါ့ကွာ ဆရာဝန်က ပြောတယ် ဖြိုးမောင် အခြေအနေက စိုးရိမ်စရာ မရှိတော့ဘူးတဲ့။ ဒါနဲ့… ဒီည…မင်း… နှင်းနဲ့ချိန်းထားတယ် မဟုတ်လား"

"အေး… ဟုတ်တယ်။ ဒါပေမယ့် ရှစ်နာရီကတည်းက ချိန်းထားတာလေ။ အခုက ဆယ်နာရီခွဲ ကျော်သွားပြီကွာ"

သူ သက်ပြင်းချရင်း ဆိုဖြစ်သည်။

"Sorry သားကြီးရာ။ ငါ့ကြောင့် မင်းရော ဖြိုးမောင်ပါ ဒုက္ခရောက်ရပြီ။ ငါ တော်တော်ဂြိုဟ်မွှေတဲ့ကောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်က ဆံပင်တွေထဲ လက်ထိုးကာဖွရင်း ဝမ်းပန်းတနည်း ဆိုသည်။ 'ဖြစ်တတ်ပါတယ်ကွာ'ဟု သူ သက်ကို အားပေး ဖြစ်သည်။ ဖြိုးမောင်ကတော့ ဆေးရှိန်ကြောင့်လား ဝေဒနာကြောင့် လားမသိ အိပ်ပျော်ကာ နေသည်။ မသင့်တော်သည်မို့ သက်ကို ပြန်လွှတ်ပြီး သူပဲ လူနာစောင့်ဖြစ်သည်။ စပယ်ရှယ်နာ့စ် ငှားထား သည်မို့ ဘာမှတော့ ထူးထူးထွေထွေ လုပ်ပေးစရာမလို။ ပင်ပန်းမှု များကြောင့် သူ အိပ်ပျော်ကာ သွားသည်။



သူ နိုးလာတော့ သက်က စောစောစီးစီး ရောက်နေပြီဖြစ် သည်။ ဖြိုးမောင်ကို ဆန်ပြုတ်တိုက်ကာနေသည်။

"သားကြီး နိုးပြီလား"

သက်က သူ့ကို လှမ်းနှုတ်ဆက်သည်။ ဖြိုးမောင်ကတော့ ခပ်ယဲ့ယဲ့ ပြုံးပြသည်။ သူ ပြန်ပြုံးပြဖြစ်သည်။

"သက်သာလား သူငယ်ချင်း"

သူ ဖြိုးမောင်ကို လှမ်းမေးတော့ 'သက်'က 'သက်သာ တယ်'ဟု ဝင်ဖြေသည်။ ဖြိုးမောင်က ခပ်လေးလေး ခေါင်းညိတ် ရွှရင်း လက်မကို ခပ်နွေးနွေးထောင်ပြသည်။

"သားကြီး မင်းအိမ်ပြန်ပြီး တစ်ရေး ပြန်အိပ်လိုက်ပါလား။ ရေမိုးချိုး အဝတ်အစားလဲပြီး နေ့လယ်လောက်မှ ပြန်ထွက်ခဲ့လေ။ မင်းလာမှ ငါအိမ်ပြန်မယ်"

သက်က မေးငေါ့ရင်း ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ။ အဲဒါဆို ငါ အိမ်ခဏပြန်မယ်။ ဖြိုးမောင် ဘာစားချင်လဲ။ ဘာဝယ်ခဲ့ရမလဲ သူငယ်ချင်း"

သူ ဖြိုးမောင်ကို မေးဖြစ်သည်။

"ရပါတယ် ဝဏ္ဏတို့လင်မယား လာမယ်ဆိုလို့ မှာထားတယ်"

ဖြိုးမောင်က အားမပြည့်သေးသော လေသံဖြင့် ခပ်တိုးတိုးပြန်ဖြေသည်။ သေက်ကပါ ခေါင်းညိတ်၍ ထောက်ခံသည်။

"ကဲ အဲဒါဆို ငါပြန်ပြီ"

သူ့စကားကို နှစ်ကောင်စလုံးက ခေါင်းညိတ်သည်။

"လိုတာရှိရင် ဖုန်းဆက်လိုက်ကွာ"

သူ ဖုန်းဆက်ရန် အမူအယာလုပ်ပြတော့ သေက်က 'အေးပါ' ဟုဆိုသည်။ သူလက်ပြကာ ထွက်ခဲ့ဖြစ်သည်။

လောလောဆယ်သူ တွေးမိနေသည်က နှင်းကို ဆက်သွယ်ရန်ပဲဖြစ်သည်။





ဖုန်းဆက်တော့ နှင်းက မကိုင်။ ဖုန်းတခြား လူတခြားဖြစ်နေသလားဟုတွေးကာ ငါးမိနစ်လောက်မှာ တစ်ကြိမ် သူပြန်ခေါ်ဖြစ်သည်။ သို့သော် ဖုန်းမကိုင်။ သူ ရင်ပူကာ လာသည်။

နောက်ထပ် ဆယ်မိနစ်လောက်မှာ ထပ်ဆက်ဖြစ်သည်။

ဖုန်းမကိုင်။

နောက်ထပ် ငါးမိနစ်မှာတစ်ကြိမ် သူထပ်ဆက်သည်။

ဖုန်းမကိုင်။

နောက်ထပ်…

နောက်ထပ်…

နောက်ထပ်… အကြိမ်များစွာဆက်သည်။

ဖုန်းကတော့ မကိုင် သူ စိတ်ခတ်ကျကာလာသည်။ နှင်းစိတ်ဆိုးနေသည်ကို သူအလိုလို ခံစားသိရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်း… မနေ့ညက အရေးပေါ်ကိစ္စတစ်ခုဖြစ်သွားလို့ မလာဖြစ်တာပါ။ ကိုယ်တောင်းပန်ပါတယ်"

သူမဆီ Messgae လှမ်းပို့ဖြစ်သည်။

"တောင်းပန်စရာ မလိုပါဘူး။ ကျွန်မက ဆင်ခြေတွေ မကြိုက်ဘူးရှင့်။ ကျေးဇူးပြုပြီး မနှောင့်ယှက်ပါနဲ့. ဖုန်းလည်း ဘယ်တော့မှ မဆက်ပါနဲ့"

သူမက ချက်ချင်း Messgae ပြန်ပို့သည်။

'စိတ်ခုသွားပြီကိုး' ဟု သူ စိတ်လေလေဖြင့်တွေးရင်း သက်ပြင်းကို ချဖြစ်သည်။ ဘာကြောင့်များ အနှောင့်အယှက်တို့က များနေပါလိမ့်။

မနေ့ညက အဖြစ်အပျက်တို့ကို သူမ သိအောင် Messgae ပို့ရင်ကောင်းမလားဟု တွေးမိသော်လည်း သူတကယ်တမ်း သူမဆီ ပို့ဖြစ်သည်က 'နှင်းကို အရမ်းချစ်တယ်' ဟူ၍သာ။





"ဆေးရုံကဆင်းရင် 'နှင်း' ကို ငါတို့ သွားရှင်းပြပေးပါ့မယ်ဟယ်"

ခုတင်ပေါ်မှာ ထိုင်နေသော လူနာဖြစ်သူ ဖြိုးမောင်က ထုံးစံအတိုင်း ခပ်နွဲ့နွဲ့ ဆိုသည်။

"ရပါတယ်ကွာ"

ဟု သူဆိုဖြစ်သည်။

"စနေသမီးက စိတ်အတော်ကြီးတာပဲ"

သေက်က ကောက်ချက်ချသည်။

"မင်းတို့နှစ်ကောင်ကလည်း တစ်ရက်လောက်စောပြီးတော့ပဲဖြစ်ဖြစ် နောက်ကျပြီးတော့မှပဲဖြစ်ဖြစ် ပြဿနာတက်တာ မဟုတ်ဘူး။ တကယ့်ကို ကွက်တိကြီး ဖြစ်လည်းဖြစ်တတ်တယ်"

သူ ခပ်ရွတ်ရွတ် ဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်ချင်ပါ့မလဲဟယ်။ ငါလည်း ခါးပတ်ချွတ်ပြီး မဲမဲမြင်သမျှ အကုန်ပတ်ရိုက်တာပဲလေ။ သူတို့ကွ ကိုယ့်ထက်လက်သွက်နေတော့လည်း ဘာမှမတတ်နိုင်ဘူး။ ဆေးရုံကဆင်းပြီးလို… အနားယူပြီးရင်တော့ ကရာတေးလေးဘာလေး သင်ဦးမယ်"

ဖြိုးမောင်က သူ့စိတ်ထဲ ရှိသမျှကို ဆိုသည်။ သေက်က 'ယောကျ်ားစိတ် ပြန်ဝင်လာတဲ့ သဘောပေါ့နော်' ဟု ဖြိုးမောင်ကို ကြည့်ကာ အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"ကောင်မရယ် နဂိုကတည်းက ယောကျ်ားပဲဟာ"

မည်သို့ပင်ဆိုစေ စကားပြောသော အမူအယာ လေယူလေသိမ်းတို့ကတော့ နွဲ့နေဆဲသာဖြစ်သည်မို့ ဖြိုးမောင်ကို သေက်က မျက်စောင်းထိုးသည်။ ပြီးတော့မှ-

"စကားပြောတာကတော့ နွဲ့လို့ကောင်းတုန်း"

ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။ ဘာရယ်မဟုတ် သူပြုံး ဖြစ်သည်။ ရင်ထဲမှာတော့ နှင်းကိုမြင်းပြစွာ သတိရလို့နေသည်။ ဖုန်းလည်း မကိုင်သော် Messgae ဘယ်လောက်ပို့ပို့ ဘာမှမတုံ့ပြန်သော နှင်းကိုသူဘယ် လိုရှင်းပြရမည်မသိ။ နှင်း၏ရယ်သံလေးကိုတော့ သူလွမ်းသည်။





( စနေသမီးသို့ )

စနေဆိုတော့လည်း ဗေဒင်သဘောတရားအရ တ.ထ.ဒ.ဓ.န တွေနဲ့ ဆက်စပ်နေတာပေါ့ ကောင်မလေး။

တ-

တမ်းတစေတယ်။ အချိန်တိုင်းနီးပါးပေါ့ ကောင်မလေး။

ထ-

ထိုးနှက်ချက်တွေက ပြင်းထန်လွန်းတယ်။ အခုထိ ဒဏ်ရာတွေက မကျက်တကျက်။

ဒ-

ဒဏ်ရာတွေ ပေးတတ်ပုံက မိုက်တယ်။ ဒဏ်ရာဟောင်းကျက်လောက်ပြီဆိုရင် မရှိးနိုင်တဲ့ ဒဏ်ရာအသစ်တွေ အထပ်ထပ်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဓ –

ဓားတစ်လက်လို ထက်မြက်တဲ့မင်းက ငါ့ရင်ကို တမြေ့မြေ့လှီးတယ်။ တတိတိ ထိုးသွင်းရင်း နုတ်နုတ်စင်းနေသလိုပါ ကောင်မလေး။

န –

နင့်ကို ချစ်နေတုန်းပဲဆိုတာ ဝန်ခံပါရစေ ကောင်မလေး။

ဘယ်လောက်ပဲ ရက်စက်ရက်စက် ငါ့ရင်ထဲမှာတော့ ခုထိ နင့်ကို ပိုးစိုးပက်စက် ချစ်နေတုန်း။





ဘာရယ်မဟုတ် စာတွေကို ကဗျာမဟုတ် စာမဟုတ် လျှောက်ရေးရင်း၊ ဂီတာတွေတီးရင်း ပို့ခဲ့ဖူးသော Message အဟောင်းတို့ကို ပြန်ဖတ်ရင်း အလွမ်းတို့ကို ပြေဖြစ်သည်။ လွမ်းသည်ဟုသာ သုံးနှုန်းနေရသော်လည်း တကယ်တမ်းကျ သူနှင့်နှင်းက ချစ်သူကဲ့သို့သော ပတ်သက်မှုက မရှိ။

လက်မှနာရီကို ကြည့်လိုက်တော့ ဆယ်နာရီ နေရောင်ခြည်တို့က သူထိုင်နေသော ခုံတန်းပေါ်ရောက်တချို့ မရောက်တချို့။ ကြဲကြဲဖန်ဖန် ကန်တော်ကြီးထဲမှာ ချိန်းထားသော သေက်နှင့်ဖြိုးမောင်တို့က ခုထိ ပေါ်မလာကြသေး။

"သားကြီး"

ရုတ်တရက် နောက်မှ ထွက်လာသော အသံကြောင့် သူလှည့်ကြည့်ဖြစ်သည်။ သေက် ဖြိုးမောင်နှင့်အတူ တွေ့ရသူက "နှင်း"။

"နှင်း"

www.burmeseclassic.com



သူ ဝမ်းသာအားရ ခေါ်ဖြစ်သည်။ သူမကတော့ အနည်းငယ် ရှက်နေဟန်ဖြင့် ခေါင်းကို ငုံ့ကာထားသည်။ ပြီး-

"ပြောတော့ မုန့်စားရအောင်ဆိုပြီး ညာခေါ်လာတယ်ပေါ့ လေ"

ဟု ရှက်ဝဲဝဲဖြင့် ငသက်တို့နှစ်ကောင်ကို ဆိုသည်။

"ဟုတ်တယ်လေ။ အဲဒီမှာ မုန့်ကျွေးချင်နေတဲ့ လူနဲ့ နေခဲ့တော့။ သားကြီးရေ ငါတို့ အကုန်ရှင်းပြီးသွားပြီ။ ထားခဲ့လို့ ရပါတယ်နော်"

ဖြိုးမောင်က ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"အာ ရတယ်ရတယ် ထားခဲ့။ အားလုံး ကိုယ့်တာဝန်ထား"

သူ ရင်ဘတ်ကိုလက်မဖြင့် ထိုးပြရင်း ဝမ်းသာအားရ ဆိုဖြစ်သည်။

"လူလိမ်တွေ"

သူမက ခြေကိုဆောင့်ရင်း ဆိုသည်။ ပြီး ထိုင်ခုံမှာ စိတ်ဆိုးဟန်ဖြင့် ဝင်ထိုင်သည်။ သူမ၏ဘေးမှာ သူ ဆွေ့ခနဲ ဝင်ထိုင်ဖြစ်သည်။

"နှင်း"

"ဘာတုန်း"

သူမက ခပ်ဆောင့်ဆောင့် ထူးသည်။





"ဟိုကောင်တွေ ရှင်းပြီးပြီဆိုတော့ ကိုယ် နှင်းရဲ့မွေးနေ့ကို တမင်မလာခဲ့တာ မဟုတ်ဘူးဆိုတာ သိပြီပေါ့နော်"

"မသိဘူး"

သူမက ညစ်ကျယ်ကျယ်ဖြင့် ခေါင်းယမ်းသည်။ နှုတ်ခမ်းတို့ကတော့ ပြုံးကာ နေသည်။

"ဒီတော့ကာ... အဲဒီနေ့က မပေးရသေးတဲ့ အဖြေကို အခု ပေးလို့ရပြီခင်ဗျာ"

"ဘာအဖြေလဲ"

"ကိုမင်းကို ချစ်တယ်ဆိုတဲ့အဖြေလေ"

"ဟာ..."

သူမက သူ့စကားကို ပြောင်ချော်ချော်လုပ်သည်။ သူမ၏ ပုံစံက အသည်းယားစရာမို့ သူ့စိတ်တွေ မရိုးမရွ ဖြစ်ကာလာသည်။ သူမ၏ ပခုံးနှစ်ဘက်ကိုပဲ ဆွဲခါပစ်ချင်နေသလိုလို ခပ်တင်းတင်း ပွေ့ဖက်ပစ်ချင်နေသလိုလို ခံစားနေရသည်။

"ကဲ နှင်း... ပြောတော့ကွာ။ ကိုယ်ကြားချင်လှပြီ"

"ဟောတော်... ဘာပြောရမှာတုန်း"

"ချစ်တယ်လို့ပြော"

"မုန်းတယ်"

သူမက နှာခေါင်းရှုံ့ကာ 'မုန်းတယ်' ဟု ပြောင်ချော်ချော်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ သူ့စိတ်တွေ တင်းမထားနိုင်တော့။ 'မုန်းတယ်'ဟု ပြုံးပြုံးကြီးဆိုနေသော သူမကို ခပ်တင်းတင်းလှမ်းဖက်ရင်း အနမ်းမိုးတွေ ရွာချပစ်သည်။

"ဟောတော့ ရည်းစားတောင် မဖြစ်သေးဘူး။ မုန်းလိုက်တာ"

သူမက ရှက်ဝဲဝဲဖြင့် ခေါင်းကြီးငုံ့ကာ လူကို တွန်းထားရင်း ဆိုသည်။

"ပြောပြန်ပြီလား မုန်းတယ်လို့ပြောတိုင်း ပွဲကြမ်းမှာနော် ပြောမှာလား"

သူမျက်နှာကို ရှေ့တိုးရင်းဆိုတော့ သူမက နောက်သို့ မသိမသာဆုတ်ထိုင်ရင်း 'မပြောတော့ဘူး'ဟု ရှက်အမ်းအမ်းဖြင့် ဆိုသည်။

"ချစ်တယ်ဆိုတာပဲ ခုထိ မပြောသေးဘူးနော် ပြောမှာလား မပြောဘူးလား။ မပြောရင်တော့ စောစောကလို..."

သူစကားကို ဆုံးအောင်မပြောဘဲ လက်ဆစ်များကို တဖျောက်ဖျောက် ချိုးပြဖြစ်သည်။ သူမက နောက်သို့ ထပ်ဆုတ်ကာ ခပ်ခွာခွာ ထိုင်ရင်း-

"ရှေ့မတိုးနဲ့နော်...."

ဟု ဆိုသည်။





"မတိုးစေချင်ရင် ပြောလေ"

သူ ညစ်ကျယ်ကျယ်ဖြင့် လက်တို့ကို ကွေးချည်ဆန့်ချည် လုပ်ကာ လက်ဆစ်ကိုချိုးရင်း ဆိုဖြစ်သည်။

"ကိုမင်း မှတ်မိသေးလား။ နှင်းတို့ ပထမဆုံးဆုံတဲ့နေ့က ဆိုင်ထဲမှာ ဖုန်းကျန်ခဲ့တာလေ... ကားချင်းလည်း ပွတ်မိသွားတယ်လေ"

"မှတ်မိတာပေါ့ နှင်းရ။ ကံကကောင်းချင်တော့ နှင်းက ဖုန်းကျန်ခဲ့တယ်။ ပိုကံကောင်းချင်တော့ ကားချင်းက နည်းနည်းလေး ချိတ်မိသွားတယ်"

သူ့စကားအဆုံးမှာ သူမက ပြုံးသည်။

"အဲဒီတုန်းက ကားကတော့ တကယ်ကြီး မတော်တဆ ချိတ်သွားတာ။ ဖုန်းကတော့... တမင်မေ့ချင်ယောင်ဆောင်ပြီး ထားခဲ့တာ"

"အင်... ဘာဖြစ်လို့တုံး"

သူမ၏စကားအဆုံးမှာ အံ့အားတသင့်ဖြင့် သူမေးဖြစ်သည်။

"ဒါလေးတောင် နားမလည်ဘူးလား။ ဖုန်းချန်ခဲ့ရင် ကိုမင်း သတိထားမိမယ်ဆိုတာ ကြိုတွက်မိလို့ပေါ့"

"ဒါဖြင့် အဲဒီကတည်းက နှင်း... ကိုယ့်ကိုကြွေနေတာပေါ့"

သူရယ်ကြဲကြဲဖြင့်ဆိုသော သူမက ရှက်ဝဲဝဲဖြင့် ခေါင်းကိုခါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကြွေတာမဟုတ်ဘူး မုန်းတာ"

သူမက ရယ်ဖြဲဖြဲဖြင့် ပြောင်ချော်ချော်ဆိုသည်။

"သြော်... မုန်းတယ်လို့ ထပ်ပြောရဲတယ်ပေါ့။ ဒီကလေးမ တော့ တွေ့မယ်"

သူပြောပြောဆိုဆို သူမအနားကို ဆတ်ခနဲရောက်သွားရင်း ရှက်အမ်းအမ်းဖြစ်နေသော သူမ၏မျက်နှာလေးကို သူ့ရင်ထဲနစ်ဝင် သွားမတတ် တင်းကြပ်စွာ ဖက်ထားဖြစ်သည်။ ပြီးတော့မှ ရှက်ရှက် ဖြင့် နီရဲရဲဖြစ်နေသော သူမ၏မျက်နှာပေါ်ကို အနမ်းတွေ တစ်ပွင့် ချင်း...။

တစ်ပွင့်ချင်း...။

တစ်ပွင့်ချင်း...။

တစ်ပွင့်ချင်း...။

တစ်ပွင့်ချင်း...။

"ဟုတ်ကဲ့ တစ်ခါတစ်ရံတော့လည်း 'ချစ်တယ်'ဆိုသော စကားကို ချစ်သူ၏နှုတ်ဖျားက မပြောသော်လည်း ရင်ဘတ်ချင်း နားလည်ကာ ရင်ထဲကအလိုလိုကြားသော အချိန်များလည်း ရှိတတ် ပါသည်။

အခုတော့...





'နှင်း'ဆိုသောချစ်သူအတွက် သူ့အနမ်းတွေက တစ်ပွင့်ချင်း ...တစ်ပွင့်ချင်း...တစ်ပွင့်ချင်း...။

အားလုံးပျော်ရွှင်ကြပါစေ။

ပြည့်ပိုင်မှူးအိမ်

www.burmeseclassic.com